# ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားသည့်မိန့်ခွန်း

### (မူရင်းအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ အတတ်နိုင်ဆုံး ဆီလျော်အောင် ပြန်ဆိုထားခြင်းဖြစ်ပါသည်။ )

ကျန်းမာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ　　　　　　　　၂၀၁၆ ခုနှစ်၊ ဧပြီလ (၁)ရက်

ဒီနေ့အစည်းအဝေးကိုတက်ရောက်လာကြတဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ အထူးဖိတ်ကြားထားသူများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးနဲ့ ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ စီမံချက်မန်နေဂျာများနဲ့ တက်ရောက်လာသူများအားလုံးမင်္ဂလာပါ။

ပထမဆုံး ကျွန်တော်အနေနဲ့ အားလုံးကိုကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အခုလိုတွေ့ဆုံရတဲ့အတွက် ကျွန်တော်အားလုံးကို အလွန်ကျေးဇူးတင်ပါတယ်။

၁။ ယနေ့ဟာ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လျှောက်လှမ်းရမယ့် ခရီးစဉ်သစ်အစပါပဲ။ ကျွန်တော်တို့ အဓိကဦးတည်အာရုံစိုက်ရမှာက ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ပြည်သူလူထုအတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူတွေကို သူတို့ရဲ့လိုအပ်ချက်တွေအတိုင်း ကျန်းမာရေးစောင့်ရှောက်မှုတွေကို ထိရောက်စွာပေးနိုင်ဖို့အတွက် ကျွန်တော်တို့ဟာ အသင်းအဖွဲ့ (Team)တစ်ခုအနေနဲ့ ကျန်းမာရေးကဏ္ဍမှာ ပါဝင်ဆောင်ရွက်နေတဲ့ အသင်းအဖွဲ့အစည်းများနဲ့အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

၂။ ကျွန်တော်ဟာ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့ရာကနေ (၂၂)နှစ်လောက်အကြာမှာ အခုအမိနိုင်ငံအတွက် ကိုယ်တိုင်တာဝန်ထမ်းဆောင်နိုင်ဖို့ အခွင့်အလမ်းရရှိလာပြီဖြစ်ပါတယ်။ အလုပ်တာဝန်အရ လူကိုယ်တိုင် ဒီမှာမရှိခဲ့ပေမယ့် ကျန်းမာရေးဝန်ကြီးဌာနနဲ့ အလုပ်တာဝန်ဆက်စပ်နေတဲ့အတွက် ဒီခန်းမကြီးထဲမှာရှိတဲ့ ဆရာတို့တော်

တော်များများနဲ့ နီးကပ်စွာမကြာခဏ တွေ့ဆုံပြီးတော့ ကျွမ်းကျင်မှုဆိုင်ရာ အကြံဉာဏ်၊ အကြံပြုချက်တွေပေးရင်းနဲ့ရော မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ ကာကွယ်ရေးနှင့်လူမှုရေး ဆေးပညာအဖွဲ့၊ ဆေးသုတေသနဦးစီးဌာန၏ လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှု ဆိုင်ရာကျင့်ဝတ်ကော်မတီ၊ အသည်းဖောင်ဒေးရှင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ကြီး များရဲ့ ပြည်ပခရီးစဉ်မှာ မြန်မာအဖွဲ့ဝင်အဖြစ်နဲ့လည်းကောင်း၊ နိုင်ငံတွင်းကျင်းပတဲ့ အစည်း အဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ ညီလာခံ၊ ဖိုရမ်တွေမှာလည်းကောင်း နည်းမျိုးစုံနဲ့ ကျွန်တော်တို့ အဆက်အသွယ်မပြတ်ခဲ့ကြပါဘူး။

၃။ ကျွန်တော်ဟာ အစိုးရသစ်ရဲ့တာဝန်ပေးချက်အရ အခုဒီမှာ တာဝန်ထမ်းဆောင်ဖို့ ရောက်နေပါပြီ။ ကျွန်တော့်မှာရှိတဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အကောင်းဆုံး အရိုးသား ဆုံး အားထုတ်မှုအပြည့်နဲ့ အထူးသဖြင့်တော့ ဒီအခန်းထဲမှာရှိတဲ့ ဆရာတွေအားလုံး၊ မြန်မာ ပြည်အနှံ့ တိုင်းဒေသကြီးနဲ့ပြည်နယ် တွေမှာရှိတဲ့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းတွေဆီက ကူညီပံ့ပိုးမှုတွေနဲ့ အတူဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၄။ ကျန်းမာရေးဝန်ကြီးဌာနမှာ (၁၇)နှစ်တာ ထမ်းဆောင်ခဲ့တဲ့အတွေ့အကြုံ၊ ကမ္ဘာ့ကျန်း မာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးချုပ်မှာ (၁၆)နှစ်တာ တာဝန်ထမ်းဆောင်ခဲ့တဲ့ နိုင်ငံတကာအတွေ့အကြုံတွေဟာ ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနရဲ့ ခိုင်မာ၊ တက် ကြွ၊ ကောင်းမွန်တဲ့ ရည်မှန်းချက်တွေ ပြည့်မီအောင်မြင်ရေးအတွက် ပိုပြီးတော့ထိရောက် ကောင်းမွန်စွာ ဆောင်ရွက်နိုင်အောင် အကူအညီအထောက်အပံ့ ဖြစ်လိမ့်မယ်လို့လည်း ကျွန်တော်မျှော်လင့်မိပါတယ်။

၅။ လက်ရှိမြန်မာနိုင်ငံရဲ့ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြှင့်တင်နိုင်ရေးနှင့် ရောဂါပျံ့နှံ့ ဖြစ်ပွားမှုများအား ထိန်းချုပ်နိုင်ရန် ကျွန်တော်တို့အဖွဲ့အနေနဲ့ စဉ်းစားဆောင်ရွက်သွားမယ့် ရှေ့လုပ်ငန်းစဉ်များ၊ လမ်းပြမြေပုံကို ကျွန်တော့်မိန့်ခွန်းမှာ ထင်ဟပ်ဖော်ပြသွားမှာ ဖြစ်ပါ တယ်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဆောင်ပုဒ်က "ပြောင်းလဲချိန်တန်ပြီ (Time For Change)" ဖြစ်ပါတယ်။ ဒါဟာ တိုင်းပြည်အနာဂတ်ပိုကောင်းဖို့ ကဏ္ဍပေါင်းစုံအတွက်ဖြစ်ပြီး ကျန်းမာရေးကဏ္ဍကလည်း ခြွင်းချက်မရှိပါဘူး။ ပြည်သူတွေက ဒီပြောင်းလဲမှုအတွက် အချိန်တွေအကြာကြီး မျှော်လင့်စောင့်စားခဲ့ရပါတယ်။ ဒီဆောင်ပုဒ်အရ ကျွန်တော်တို့ဟာ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု၊ အားကစားနှင့်ကိုယ်လက်လှုပ်ရှားမှုပညာပေးမှုတွေ ပိုကောင်းအောင် ဆောင်ရွက်ပေးဖို့အတွက်ဆိုရင် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ၊ ပစ္စည်းထောက်ပံ့ပို့ဆောင်ပေးမှုဆိုင်ရာ (Technical၊ Administrative၊ Management၊ Logistics) ဘက်ပေါင်းစုံ ပြောင်းလဲဖို့စိုးရွံ့နောက်တွန့်မနေသင့်ပါဘူး။ **လက်တွေ့မှာဖြစ်နိုင်ချေရှိပြီး လက်တွေ့ကျတဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတွေကို ကျွန်တော်တို့အားလုံးအတူတကွ စဉ်းစားကြရပါလိမ့်မယ်။**

၇။ "ပြောင်းလဲခြင်း"လုပ်ဖို့ အကြောင်းအရင်းက ပြောင်းလဲရုံသက်သက်အတွက်တော့ မဟုတ်ပါဘူး။ ဒီနေရာမှာ ကျွန်တော်က သူ့ကုမ္ပဏီကို အခြားကုမ္ပဏီလက်ထဲ ထိုးအပ်လိုက်ရတဲ့အချိန်မှာ CEO (အမှုဆောင်အရာရှိချုပ်)တစ်ယောက်ပြောတဲ့ စကားလေးကို ကိုးကားချင်ပါတယ်။ "ကျွန်တော်တို့ဘာမှအမှားမလုပ်မိခဲ့ပါဘူး၊ ဒါပေမယ့် ဘာကြောင့်မှန်းမသိဘဲ ကျွန်တော်တို့ရှုံးနိမ့်ပြီး ဆုံးရှုံးခဲ့ရပါတယ် (We didn't do anything wrong, but somehow, we fail and lost)"တဲ့။ စီးပွားရေးပတ်ဝန်းကျင် အခြေအနေက ပြောင်းလဲခဲ့ပြီးတော့ အခြားပတ်ဝန်းကျင်ကဖြစ်ပျက်နေတဲ့ အဲဒီအပြောင်းအလဲတွေကို သူတို့က အာရုံမစိုက်မိခဲ့ကြတာပါ။

အဲဒီလိုပဲ ကျွန်တော်တို့နိုင်ငံမှာ ကျန်းမာရေးအခြေအနေတွေနဲ့ ပြည်သူတွေရဲ့ တောင်းဆိုမှုတွေက အလွန်လျင်မြန်စွာပြောင်းလဲနေပြီးတော့ ကျွန်တော်တို့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေက အများကြီးပါ။ အချို့တွေဟာ မထင်မှတ်တဲ့ ရုတ်တရက်ပြောင်းလဲမှုတွေရှိပါတယ်။

ဒီပြောင်းလဲမှုအနေအထားကို ကျွန်တော်တို့ကစောင့်ကြည့်ပြီး "ကျွန်တော်တို့အလုပ်လုပ်တဲ့နည်းလမ်း (the way we are working)၊ စီမံချက်တွေရေးဆွဲတဲ့ပုံစံ (the way we

are planning)၊ စီမံချက်တွေကို စီမံခန့်ခွဲတဲ့လုပ်ပုံလုပ်နည်း (the way we are managing the programs)၊ ကျွန်တော်တို့လုပ်ငန်းတွေကို အကဲဖြတ်တဲ့နည်းလမ်း (the way we are assessing our work)၊ ကျွန်တော်တို့ရဲ့မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ပူးပေါင်း ဆောင်ရွက်တဲ့အခါ (the way we are collaborating with partners)" တွေကို လိုက်လျောညီထွေ မပြောင်းရင် ကျွန်တော်တို့လိုချင်တဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးအဆင့်အတန်းမြင့်မားဖို့ ရည်မှန်းချက်တွေကို ဘယ်လိုမှပြည့်မီနိုင်တော့မှာမဟုတ်ပါဘူး။

၈။ ဒါကြောင့်မို့ ကျွန်တော်တို့အားလုံး **'ဖောက်ထွက်တွေးခေါ်ခြင်း'** (out of the box thinking)၊ **'ဆန်းသစ်တီထွင်တွေးခေါ်ခြင်း'** (innovative thinking)၊ **'ချဉ်းကပ်ပုံနည်းလမ်း အသစ်များကိုဖော်ထုတ်ခြင်း'** (identifying new approaches)**နဲ့** **'ဖြစ်ရပ်တစ်ခုဖြစ်ပွားပုံနှင့် အခြေခံအကြောင်းတရားများကို စဉ်းစားဖော်ထုတ်တွေးခေါ်ခြင်း'** **(epidemiologic thinking) များကို အလေ့အကျင့်လုပ်ယူရပါမယ်။** ဒီအုပ်ချုပ်မှုပုံစံသစ်မှာ စီမံခန့်ခွဲမှုအရ (management)ပဲဖြစ်ဖြစ်၊ ပစ္စည်းထောက်ပံ့ပို့ဆောင်ခြင်းဆိုင်ရာ (logistics) နှင့် ကျွမ်းကျင်မှုဆိုင်ရာ (technical)ကိစ္စပဲဖြစ်ဖြစ်၊ ပြောင်းသင့်တယ်လို့ လုံလောက်တဲ့ အကြောင်းရှိရင် ကျွန်တော်တို့ပြောင်းလဲဖို့ တွန့်ဆုတ်နေမှာမဟုတ်ပါဘူး။ ဒါပေမယ့် ဒီပြောင်းလဲမှုတွေကို လက်တွေ့ကျတဲ့စည်းမျဉ်း သတ်မှတ်ချက်များနဲ့ စနစ်ကျစွာ ဘောင်ခတ် ဆောင်ရွက်ပြီး စနစ် တကျပြောင်းလဲမှုကို လုပ်ဆောင်မှာဖြစ်ပါတယ်။

၉။ ဒီလိုသွားတဲ့နေရာမှာ ကျွန်တော်တို့ရဲ့ စီမံချက်လုပ်ငန်းတွေကို **လျင်မြန်ချောမွေ့စွာနဲ့ အကောင်းဆုံးချိန်ညှိပြီး** (streamline and fine-tuning) လုပ်ပြီး **စနစ်တကျဆောင်ရွက်မှ** ကျွန်တော်တို့ပြည်သူတွေကို ထိရောက်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးစနစ်မှာလည်း ပိုပြီး<u>လက်တွေ့ကျပြီး မြန်ဆန်ထိရောက်လာမှာ</u> ဖြစ်ပါတယ်။ **ဒီပြောင်းလဲမှုဖြစ်စဉ်မှာ ဆရာတို့အားလုံးရဲ့ အကြံပေးချက်တွေကို ဂရုတစိုက်သုံးသပ်ပြီး ဆောင်ရွက်သွားမှာပါ။ ကျွန်တော်ပြောချင်တာက ဆရာတို့အားလုံးရဲ့ အကြံဉာဏ်တွေ၊ အသံတွေကို ပြည်သူတွေရဲ့အသံတွေနဲ့အတူ ကြားနိုင်ဖို့နည်းလမ်းတွေကိုလည်း ကျွန်တော်**

တို့ **စဉ်းစားသွားမှာဖြစ်ပါတယ်။** ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ဘယ်တော့ပေးပေး၊ ဘာပဲလုပ်ပေးပေး၊ သူတို့ရဲ့မျက်နှာတွေကိုမြင်၊ သူတို့ရဲ့အခြေအနေကို နားလည်ပြီး သူတို့ဘက်ကကြည့်သင့်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကအာရုံစိုက်မှုဟာ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်ပေးနေတဲ့ ပြည်သူလူထုပါပဲ။

ကျွန်တော်တို့ ကျန်းမာရေးဌာနအဆင့်ဆင့်မှာ ဒါကိုအကျင့်တစ်ခုဖြစ်သွားဖို့ ကျွန်တော်ရဲ့ အကြီးတန်းအရာရှိများအဖွဲ့နဲ့ တိုင်ပင်မှာပါ။ **တစ်ဦးကောင်းတစ်ယောက်ကောင်း(one man show) လုပ်ပြီး အဖွဲ့ရဲ့အကြံဉာဏ်တွေကိုလက်မခံရင် ကျွန်တော်တို့ရည်ရွယ်ချက်များ ဘယ်လိုမှ အောင်မြင်မှာမဟုတ်ပါဘူး။**

**"ကျွန်တော်တို့အနေနဲ့ အားလုံးနဲ့ပူးပေါင်းပြီး ပေါင်းစပ်ပြီးဆောင်ရွက်သွားမှာဖြစ်ပြီး အပြုသဘောဆောင်တဲ့ဝေဖန်မှုတွေကိုလည်း လက်ခံမှာဖြစ်ပါတယ်"** (We will practice combined and concerted effort together with constructive criticism) ယေဘုယျအားဖြင့်တော့ လူတွေဟာဝေဖန်တာကို လက်ခံဖို့ဝန်လေးပြီး စိတ်မသက်မသာ ရှိတတ်ပါတယ်။ တကယ်တော့ <u>အပြုသဘောဝေဖန်မှု</u> (constructive criticism)တွေဟာ ဝေဖန်ခံရသူအတွက်ကောင်းပါတယ်။ အကယ်၍ အပျက်သဘောဝေဖန်မှုနှင့် မကောင်းသော ရည်ရွယ်ချက်ရှိခဲ့လျှင်လည်း လျစ်လျူရှုလိုက်ရုံပါပဲ။

၁၀။ **ကျွန်တော်တို့ရဲ့ ခံယူချက်နဲ့တွေးခေါ်ပုံတွေ** (mindset)**ကို လက်ရှိလိုအပ်ချက်/ အခြေအနေအရပြောင်းလဲရပါလိမ့်မယ်။** တစ်ညတည်းနဲ့ ခံယူချက်နဲ့တွေးခေါ်ပုံ (mindset) ပြောင်းဖို့ကတော့ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် အများစုကပြောင်းလဲနေရင် တူညီတဲ့အုပ်စုတွင်းဖိအား (peer pressure)က မှန်ကန်တဲ့လမ်းကြောင်း ခံယူချက်နဲ့တွေးခေါ်ပုံ (mindset) ပြောင်းဖို့ အများကြီးအားပေးနိုင်ပါလိမ့်မယ်။

"Senior professionals including me have to set exemplary and selfless action to become a role model for others to follow suit". I repeat **"Senior professionals including me have to set exemplary and selfless action to**

become a role model for others to follow suit" လေးစားလောက်တဲ့၊ တကိုယ်ကောင်းမဆန်တဲ့အပြုအမူတွေကို ကျွန်တော်အပါအဝင် Senior ဝန်ထမ်းတွေက စံနမူနာပြပုဂ္ဂိုလ် (role model)အဖြစ်နေပြမှ အငယ်တွေက နောက်ကလိုက်လာမှာ ဖြစ်ပါတယ်။ ဒီလိုမဟုတ်ရင် မကောင်းတဲ့သံသရာလည်ပြီး ကျွန်တော်တို့အားလုံးရဲ့ ရည်မှန်းချက်ဖြစ်တဲ့ လူတိုင်း လက်လှမ်းမီသော ကျန်းမာရေးစောင့် ရှောက်မှု (Universal Health Coverage) ရရှိဖို့နဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးဟာလည်း ဘယ်တော့မှ ရရှိနိုင်မှာ မဟုတ်ပါဘူး။

၁၁။ **ခံယူချက်နဲ့တွေးခေါ်ပုံ** (mindset)လို့ ပြောတဲ့နေရာမှာ "တာဝန်သိမှု (sense of responsibility)"၊ "တာဝန်ခံမှု (sense of accountability)"၊ "ပူးပေါင်းဆောင်ရွက်လိုစိတ် (spirit of collaboration)"၊ "အပြုသဘောဆောင်တဲ့စိတ်ရှိမှုနဲ့အပြုသဘောတွေးခေါ်မှု (spirit of positive attitude and positive thinking)"၊ "ဘက်လိုက်မှုမရှိဘဲ ဆုံးဖြတ်ချက်ချမှတ်မှု (unbiased-ness in decision making)"၊ "အကြောင်းအရာတစ်ခု (သို့မဟုတ်) လူတစ်ဦးတစ်ယောက်အပေါ်မှာ အမှန်ကိုမစူးစမ်းဘဲ မလိုမုန်းထားခြင်း၊ မျက်စိမှိတ်ဘက်လိုက်ခြင်းများမရှိကြဖို့ (no more prejudice against something or somebody)"၊ "အသင်းအဖွဲ့နှင့် ဆောင်ရွက်သောစိတ်ဓါတ်နှင့်ချဉ်းကပ်ပုံ အတွေးအခေါ်များ သွပ်သွင်းပေးခြင်း (inculcating team spirit and team approach)"၊ "တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖေးမ၍ အပြန်အလှန်လေးစားခြင်း(supporting and respecting each other)"၊ "တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်မှုကိုဖော်ပြခြင်း (showing dutifulness)"၊ "လုံးလုံးလျားလျားအပြစ်ရှာခြင်းထက် ပကတိအခြေအနေ၊ အချက်အလက်များကို ရှာဖွေခြင်း (fact finding rather than outright fault finding)"၊ "စိတ်ရင်းဖြင့် အကြံပြုချက်များ၊ စိတ်ကူးချက်များ၊ အကြံဉာဏ်များကို အပြု သဘောဆောင်သော ရှုထောင့်မှပေးခြင်း (giving sincere suggestions or ideas or advice from constructive point of view)"၊ "ပြည်သူကိုဗဟိုပြုသောချဉ်းကပ်မှုများကို ထည့်သွင်း

စဉ်းစားခြင်း (consideration of people centered approaches)"၊ တိုင်းပြည်အကျိုးကို ထည့်သွင်းစဉ်းစားခြင်း (consideration for the sake of our country)"၊ ကောင်းမွန်သောကျင့်ဝတ်ဆိုင်ရာအလေ့အကျင့်များစတင်ခြင်း (initiating good ethical practice)" ---- စတာတွေကို ပြည်သူ့ကျန်းမာရေးကျင့်ဝတ်၊ ဆေးပညာကျင့်ဝတ်၊ သုတေသနကျင့်ဝတ်နဲ့ အခြားကျင့်ဝတ်တွေကို အခြေခံပြီးကျင့်သုံးရမှာ ဖြစ်ပါတယ်။

၁၂။ **အဲဒီ ခံယူချက်နဲ့တွေးခေါ်ပုံ (mindset)တွေရဖို့ ဖြစ်နိုင်သရွေ့ မြန်မြန်၊ ရနိုင်သလောက်များများ တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။** ကျွန်တော်တို့ ဒီခံယူချက်နဲ့တွေးခေါ်ပုံ (mindset)တွေပြောင်းဖို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အကြီးတန်းအရာရှိကြီးများနှင့်အတူတကွ မြင့်တင်ပြောင်းလဲတွန်း အားပေးသွားမှာဖြစ်ကြောင်း အားလုံးကို ကျွန်တော်သေချာပေါက်ပြောနိုင်ပါတယ်။

**ခံယူချက်နဲ့တွေးခေါ်ပုံ (mindset)တွေ ပြောင်းလဲဖို့ တွန်းအားပေးလှုံ့ဆော်ပေးတဲ့နေရာမှာတပြိုင်နက်တည်း ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေး (welfare) အတွက် ဘဏ္ဍာငွေခွင့်ပြုတဲ့အတိုင်းအတာနဲ့အညီ ဘက်ပေါင်းစုံက အလေးထား ဂရုတစိုက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

ဒီနေရာမှာ ခက်ခဲဝေးလံတဲ့ဒေသတွေမှာ အလုပ်လုပ်နေတဲ့ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေး (welfare)ကို ကျွန်တော်တို့ ဦးစားပေးရမှာဖြစ်ပါတယ်။ ကျွန်တော့်မိန့်ခွန်းရဲ့ နောက်ပိုင်းမှာ ဒါကိုတင်ပြပါဦးမယ်။

၁၃။ ဒီပြောင်းလဲလာတဲ့ ခံယူချက်နဲ့တွေးခေါ်ပုံ (mindset)နဲ့အတူ ကျန်းမာရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှု (management)မှာ ကျွန်တော်တို့ကျင့်သုံးမယ့် အဓိကအခြေခံမှု (main principles) တွေကတော့ -

1. အသင်းအဖွဲ့လိုက်ဆောင်ရွက်မှုနှင့် အသင်းအဖွဲ့စိတ်ဓါတ်ရှိမှု (team work with team spirit)

2. အပေးအယူ/ အလျှော့အတင်းခံယူချက်/ သဘောထားရှိမှု (compromising attitude)
3. ရိုးရိုးသားသားနှင့် ဘက်မလိုက်သော ခံယူချက်သဘောထားရှိမှု (sincere and unbiased attitude)
4. အပြစ်ရှာမည့်အစား အချက်အလက်ကိုသာရှာဖွေမှု (fact finding rather than fault finding)
5. တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု (respecting each other)
6. အကြောင်းအရာများကို အကြံပြုသဘောဆောင်သည့် ရှုထောင့်မှ မြင်မှု၊ ကြည့်ရှုမှု (viewing things from positive perspectives) နဲ့
7. တစ်ဦးနှင့်တစ်ဦးဖေးမကူညီမှု (supporting each other) တို့ဖြစ်ပါတယ်။

**ဒါ့အပြင် ပြည်သူ့ကျန်းမာရေးနှင့်ဆေးကုသမှုနယ်ပယ်က ကျွန်တော်တို့ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်မှုနှင့်စွမ်းရည်များကို အတတ်နိုင်ဆုံး စနစ်ကျစွာဖြင့် မြှင့်တင်သွားမှာဖြစ်ပါတယ်။** အနည်းဆုံးတော့ အိမ်နီးချင်းနိုင်ငံတွေမှာ ပေးတဲ့ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှု (service)အရည်အသွေး၊ အဆင့်အတန်းလောက်တော့ ကျွန်တော်တို့ရှိဖို့လိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ချက်ပြောချင်တာက ကျန်းမာရေးဝန်ကြီးဌာနမှာ လူမှန်နေရာမှန် တာဝန်ချထားရပါမယ်။ ဘာသာရပ်(က)မှာ လေ့ကျင့်ပေးထားတဲ့သူကို ဘာသာရပ်(ခ)မှာ တာဝန်ချထားဖို့မသင့်ပါဘူး။ ချွင်းချက်အနေနဲ့လည်းကောင်း၊ အထူးကိစ္စရပ်အနေဖြင့်လည်းကောင်းသာလျှင် ခွင့်ပြုသွားမှာပါ။

၁၄။ ဒီပြောင်းလဲခြင်း အောင်အောင်မြင်မြင်ဖြစ်လာဖို့ **ကျွန်တော်တို့ အသင်းအဖွဲ့စိတ်ဓါတ် (Team spirit) အခြေခံနဲ့ အသင်းအဖွဲ့ (Team)တစ်ခုသဖွယ် တစ်ယောက်နဲ့တစ်ယောက် လေးစားစွာဆက်ဆံပြီး ဆောင်ရွက်သွားပါမယ်။** ကျွန်တော်တို့ တစ်ယောက်ချင်းစီဟာ အခန်းကဏ္ဍတစ်ခုစီမှာတော့ အလုပ်တာဝန်ထမ်းဆောင်နေကြပြီး <u>အဲဒီအခန်းကဏ္ဍ တစ်ခုချင်းစီဟာညီတူညီမျှအရေးကြီးပါတယ်</u>။ ဘာနဲ့အလားသဏ္ဍာန်တူလဲဆိုတော့ လေယာဉ်အင်ဂျင်

တစ်ခုရဲ့ ဝက်အူသေးသေးလေး တစ်ခုတောင်မှ သင့်တော်အောင်ကြပ်ထားဖို့ အရေးကြီး သလိုပါပဲ။ ဝက်အူတစ်ခုချောင်ရင် လေယာဉ်ပျက်ကျနိုင်ပါတယ်။

တစ်နည်းအားဖြင့်ပြောရရင် **ကျွန်တော်တို့ဟာ ပြည်သူတွေ၊ လူနာတွေရဲ့အသံတွေ၊ အကြံပြုချက်တွေကို အထူးဂရုစိုက် အလေးထားမှာဖြစ်ပါတယ်။**

ကျွန်တော်အနေနဲ့ ကျန်းမာရေးဌာနအဆင့်တိုင်းမှာ အလုပ်လုပ်နေကြတဲ့ ဆရာတို့ အားလုံးရဲ့ အကြံဉာဏ်တွေ၊ အကြံပြုချက်တွေကို နားထောင်သွားမှာပါ။ ဒါဟာ ကျန်းမာရေး ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှု (management) ပုံစံအပြောင်းအလဲတစ်ခု ဖြစ်လာပါလိမ့်မယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ဆက်သွယ်မှုလမ်းကြောင်းကို ဖွင့်ထားရမှာဖြစ်ပါတယ်။ ဒါမှသာမူဝါဒချမှတ်သူတွေဟာ မှန်ကန်ပြီးဓမ္မဒိဋ္ဌာန်ကျတဲ့ ဆုံးဖြတ်ချက်ချမှတ်ဖို့ လုံလောက်တဲ့ သတင်းအချက်အလက်တွေ ရနိုင်မှာဖြစ်ပါတယ်။ <u>ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနမှာ ရှိနေတဲ့ ကာလတစ်လျှောက်လုံး ဘယ်ရာထူးမှာ လုပ်နေတဲ့သူပဲဖြစ်ဖြစ် အားလုံးအတွက် ကျွန်တော်ရဲ့တံခါးဟာ အမြဲဖွင့်ထားမှာဖြစ်ပါတယ်။</u>

၁၅။ <u>အသင်းအဖွဲ့စိတ်ဓါတ်ရှိမှု၊ အသင်းအဖွဲ့လိုက်ဆောင်ရွက်တတ်မှု(Team spirit၊ Team work)</u> ဟာ <u>တစ်ယောက်ချင်းစီ</u>အတွက်တင် အရေးကြီးတာမဟုတ်ဘဲ ဌာနအဆင့်မှာလည်း အရေးကြီးပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ကုသရေးဦးစီးဌာနတို့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းဟာ အဓိကကျပါတယ်။ ဒီဦးစီးဌာန (၂)ခုရဲ့ လိုအပ်ချက်တွေကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုဦးစီးဌာနနဲ့ ဆေးသုတေသနဦးစီးဌာနတို့က ဖြည့်ဆည်းပေးရမှာဖြစ်သလို အပြန်အလှန်သဘောရှိပါတယ်။ ထပ်တူအရေးကြီးတဲ့ နောက်ပူးပေါင်းဆောင်ရွက်မှုကတော့ တိုင်းရင်းဆေး၊ ကုသရေး၊ ဆေးသုတေသနနဲ့ အားကစားနှင့်ကာယပညာဦးစီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဌာနအသီးသီးက ပညာရှင်တွေမှာ လွတ်လပ်သော တန်ဖိုးရှိတဲ့ အတွေးအခေါ်တွေများစွာ ရှိနေရပါမယ်။ ဒါတွေကို ဆွေးနွေးဖလှယ်နိုင်အောင် လည်း **ပုံမှန်ဆွေးနွေးနိုင်ရန် အခွင့်အလမ်းများ ဖန်တီးသွားမှာဖြစ်ပါတယ်။** ဒါတွေ

လုပ်ဆောင်နိုင်သွားပြီဆိုရင်တော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းတွေဖြစ်တဲ့ ကျွန်တော်တို့အားလုံးဟာ တစ်နည်းအားဖြင့် ရင်းနှီးချစ်ခင်တဲ့မိသားစုဝင်တွေ ဖြစ်ကြပါပြီ။ အပြန်အလှန်ယုံကြည်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိရေးအတွက် ကောင်းမွန်သော လက္ခဏာတစ်ခုဖြစ်ပါတယ်။

၁၆။ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရာ၌လည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆောင်ရွက်ရပါမယ်။ ကျန်းမာရေးဆိုင်ရာကိစ္စရပ်အတော်များများဟာ ဝန်ကြီးဌာနအချင်းချင်း နီးကပ်စွာပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်မှာဖြစ်ပါတယ်။ ဥပမာ သဘာဝဘေးအန္တရာယ်တုန့်ပြန်စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေး (ဈေးသန့်ရှင်းရေးနှင့် ရေကောင်း ရေသန့်ရရှိရေး)၊ ကျောင်းကျန်းမာရေး၊ အလုပ်သမားများကျန်းမာရေး၊ အကျဉ်းသားများ ကျန်းမာရေးစောင့်ရှောက်မှု၊ လုပ်ငန်းခွင်ကျန်းမာရေး၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်၊ အရည်အသွေးပြည့် ဆေးဝါးရရှိရေး၊ ဆေးရုံနှင့်ဓါတ်ခွဲခန်းများမှ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု၊ ပြည်သူလူထုကိုယ်ကာယကြံ့ခိုင်ရေး စတာတွေဆောင်ရွက်တဲ့နေရာမှာ **ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မဖြစ်မနေ ကျင့်သုံးရမှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး ယခုထက်ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မှာဖြစ်ပါတယ်။**

၁၇။ ဒီနေရာမှာ ကျွန်တော် ညွှန်ပြချင်တာက နည်းပညာကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်ဟာ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ကောင်းများနှင့်ညီတူညီမျှ အရေးကြီးပါတယ်။ ဒီကျွမ်းကျင်မှုတွေဟာ နည်းပညာကျွမ်းကျင်မှုလောက် လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် မရနိုင်ပါဘူး။ **အဆင့်ဆင့်သောကျန်းမာရေးစနစ်မှာ ကျွန်တော်တို့ဝန်ထမ်းတွေရဲ့ အုပ်ချုပ်မှုနဲ့စီမံခန့်ခွဲမှုစွမ်းရည်တိုးတက်အောင် လေ့ကျင့်သင်ကြားပေးသွားမှာပါ။** ကျွန်တော်တို့က တစ်ယောက်ဆီကတစ်ယောက် သင်ယူကြရမှာပါ။ ဒီလိုလုပ်ဖို့ ရှက်မနေသင့်ပါဘူး။

ဌာနတွင်း လုပ်ငန်းဆောင်ရွက်ချက်အတွက် စည်းကမ်းများ၊ ညွှန်ကြားချက်များ၊ ဌာနတွင်းလမ်းညွှန်ချက်များဟာ အဓိပ္ပါယ်ရှိပြီး လက်တွေ့ကျမှသာလျှင် ကျွန်တော်တို့စီမံခန့်ခွဲမှု

လုပ်ငန်းများဟာ မြန်ဆန်ပီပြင်မှာဖြစ်ပါတယ်။ ဒီစည်းကမ်းများ၊ ညွှန်ကြားချက်များ၊ ဌာနတွင်းလမ်းညွှန်ချက်များဟာ ကျွန်တော်တို့ရဲ့အလုပ်ကို ပိတ်ပင်တားဆီးမှုမဖြစ်သင့်ပါဘူး။ **ဒါတွေမသင့်တော်ဘူးဆိုရင် ပြောင်းလဲပစ်ဖို့ ဝန်မလေးသင့်ပါဘူး။** တကယ်တမ်းမှာတော့ ဒီအရာတွေဟာ ကျွန်တော်တို့က ပြုလုပ်ခဲ့တာပါ။ ဒါတွေဟာ ကျောက်တုံးပေါ်မှာ ရေးထွင်းထားတာ မဟုတ်ပါဘူး။ တကယ်လို့ ရေးထွင်းထားပြီးသား ကျောက်တုံးကြီးဖြစ်ရင် တောင်ကျွန်တော်တို့ ကျောက်တုံးအသစ်ကို သုံးမှာပါ။ တစ်နည်းပြောရရင် ပြောင်းလဲတတ်တဲ့ အခြေအနေ (changing epidemiological situation)နဲ့ကိုက်ညီအောင် လုပ်ဆောင်မှု ပြောင်းလဲရမှာ ဖြစ်ပါတယ်။

၁၈။ ခမ္ဘဒိဌာန်ကျပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်က ကျွန်တော်တို့ရဲ့အလုပ်ကို လမ်းကြောင်းမှန်ပေါ်ရောက်ဖို့ ဖန်တီးဆုံးဖြတ်ပေးနိုင်တဲ့အချက်တွေထဲကတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ခမ္ဘဒိဌာန်ကျပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်များကို ရရှိအောင် အားပေးပါမယ်။ ဆုံးဖြတ်ချက်တွေဆိုတာ အမြဲတမ်းချမှတ်နေရတာပါပဲ။ ဒီမိန့်ခွန်းပြောဖို့ပြင်ဆင်တာတောင်မှ ဘာတွေပါရမယ်၊ ဘာတွေမပါသင့်ဘူးဆိုတာ ကျွန်တော်ဆုံးဖြတ်ရပါတယ်။ ဒီလိုပါပဲ ကျွန်တော်တို့ဟာ နေ့စဉ်နေ့တိုင်း ဆုံးဖြတ်ချက်ပေါင်းများစွာ ပြုလုပ်နေရပါတယ်။

ပြည်သူ့ကျန်းမာရေးကဏ္ဍ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်ရာမှာ ပြည်သူ့ကျန်းမာရေးကျင့်ဝတ်များကို မှီငြမ်းကိုးကားလိုက်နာရပါမယ်။ ကျွန်တော် ဆရာတို့ကို သိစေချင်တာက ပြည်သူ့ကျန်းမာရေးနှင့်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ရာမှာ စုပေါင်းဆွေးနွေးပြီးမှသာ ဆုံးဖြတ်ချက်ချမှတ်ရပါမယ်။ ဒီလို ဆုံးဖြတ်ရာမှာ ပြည်သူလူထုအပေါ်သို့ ရေတို/ရေရှည်သက်ရောက်မှုများကို စဉ်းစားရပါမယ်။ အထူးသဖြင့် ဆုံးဖြတ်ချက်ချရာတိုင်းမှာ လူထုအကျိုးနှင့် လူထုအပေါ်သက်ရောက်မှုကို အမြဲတမ်းရှေ့တန်းတင်ဆောင် ရွက်ရပါမယ်။

ကျွန်တော်တို့ဟာ ပြည်သူများအတွက် <u>ကုန်ကျစရိတ်နှင့်လျော်ညီပြီး ထိရောက်တဲ့ဆောင်ရွက်ချက် (cost effective intervention)</u>တွေ ရွေးချယ်တဲ့နေရာမျိုး၌ လည်းကောင်း၊

ပြည်ပအဖွဲ့အစည်းတွေက အထောက်အပံ့ရယူတာ၌လည်းကောင်း၊ လုပ်ငန်းများဘဏ္ဍာငွေ ခွဲဝေရာတွင်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးကျင့်ဝတ်များကို လိုက်နာရပါမယ်။ ကျွန်တော် အလေးအနက်ထားပြောချင်တာက **အလှူရှင်တွေက လမ်းညွှန်တဲ့လုပ်ငန်း (သို့မဟုတ်) အလှူရှင်တွေက ဖြစ်စေချင်တဲ့လုပ်ငန်း (donor guided or donor driven activities)တွေအတွက် ကျွန်တော်တို့ဟာ ပြည်သူ့ ကျန်းမာရေးကျင့်ဝတ်များကိုမှီငြမ်းပြီး သေချာစွာစဉ်းစားဆုံးဖြတ်ပါမယ်။**

ကျွန်တော်တို့မှာ သတ်မှတ်ဘောင်ခတ်ထားတဲ့ လူ့စွမ်းအားအရင်းအမြစ်သာရှိတဲ့ အတွက် ဆရာတို့ရဲ့တန်ဖိုးရှိတဲ့အချိန်ကို အရေးမကြီးသော လုပ်ငန်းများအတွက် အချိန်ကုန် မခံစေချင်ပါဘူး။ တကယ်လို့ ကျွန်တော်တို့ ပြည်သူတွေလိုအပ်နေတာနဲ့ကိုက်ညီရင် ဒီအဖွဲ့ တွေဆီက အကူအညီပူးပေါင်းဆောင်ရွက်မှုကို ကျွန်တော်တို့ လက်ခံမှာပေါ့။ ပြည်သူတွေ လိုအပ်ချက်နဲ့မကိုက်ညီရင် ထောက်ပံ့မှုများကို လက်ခံခြင်းပြုမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ ရဲ့ပူးပေါင်းဆောင်ရွက်မယ့်ပုံစံကို ဖွံ့ဖြိုးမှုမိတ်ဘက်အဖွဲ့အစည်းများနဲ့ တွေ့တဲ့အခါ ဆွေးနွေး သွားပါမယ်။

၁၉။ ဆရာတို့အားလုံးဟာ သက်ဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်မှာ <u>အခွင့်အလမ်းနဲ့ အထောက် အကူပြုပေးနိုင်တဲ့လုပ်ငန်းခွင်ပတ်ဝန်းကျင် (enabling working environment) ရှိသလောက်</u>ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာအကောင်အထည်ဖော် ဆောင်ရွက်နေကြ တာကို ကျွန်တော်ကောင်းကောင်းသိပါတယ်။ ကျွန်တော်နဲ့ ကျွန်တော်ရဲ့ အကြီးတန်းအရာရှိ ကြီးများဟာ **ဒီအထောက်အကူပြုပေးနိုင်တဲ့လုပ်ငန်းခွင်ပတ်ဝန်းကျင် (enabling working environment) ပိုမိုကောင်းမွန်ရန် အခွင့်အလမ်းတွေကို ချဲ့ထွင်ပေးပါမယ်။** ဒါမှသာ ဆရာတို့ဟာ ပြည်သူတွေ အကျိုးအတွက်ပိုပြီး တာဝန်တွေထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။

အထောက်အကူပြုပေးနိုင်တဲ့လုပ်ငန်းခွင်ပတ်ဝန်းကျင် (enabling environment) ဟာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ ပါဝင်ပါတယ်။ ကျွန်တော်နှင့် အကြီးတန်း

အရာရှိများက လိုအပ်တဲ့ဦးဆောင်မှုနှင့်ပံ့ပိုးမှုများကို အပြုသဘောဆောင်တဲ့ လမ်းညွှန်မှုများကို ပေးသွားမှာဖြစ်ပါတယ်။

၂၀။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ကျွန်တော်တို့သတိမူသင့်တဲ့ အခြေခံအချက်တစ်ခုက တာဝန်တစ်ရပ်ကို ကောင်းမွန်စွာဆောင်ရွက်နိုင်ဖို့ဆိုရင် ကျွန်တော်တို့မှာ ဗဟုသုတ၊ အတွေ့အကြုံနဲ့ အထောက်အကူပြုပေးနိုင်တဲ့လုပ်ငန်းခွင်ပတ်ဝန်းကျင် (enabling environment) လိုပါမယ်။ ဗဟုသုတက နည်းမျိုးစုံနဲ့ လျင်မြန်စွာရနိုင်ပေမယ့် ဆရာတို့ရရှိခဲ့တဲ့ အတွေ့အကြုံကတော့ စာအုပ်တွေထဲမှာဖတ်လို့မရသလို၊ လတွေ၊ နှစ်တွေကြာအောင် အချိန်ယူတတ်ပါတယ်။ ဒါကြောင့်ကျွန်တော့်ရဲ့တာဝန်က ဆရာတို့ရဲ့ အတွေ့အကြုံကို အများဆုံးထုတ်နုတ်ရရှိရန် **အထောက်အကူပြုပေးနိုင်တဲ့လုပ်ငန်းခွင်ပတ်ဝန်းကျင်** (enabling environment) ဖြစ်စေဖို့ဆောင်ရွက်ပေးပါမယ်။ ဒီတော့ဆရာတို့ နှစ်တွေအကြာကြီး စုဆောင်းခဲ့ရတဲ့ အတွေ့အကြုံတွေအပေါ်အခြေခံပြီး ကျွန်တော်တို့ရဲ့ ဦးစားပေးကျန်းမာရေးစီမံချက်များကို ထိရောက်စွာပါဝင်ဆောင်ရွက်ပြီး အတွေးအမြင်သစ်များကိုရရှိမယ်လို့ ကျွန်တော့်အနေနဲ့ အများကြီးမျှော်လင့်နေပါတယ်။ ဆရာတို့ရဲ့ အတွေ့အကြုံကောင်းများကို ပျောက်ပြယ်မသွားစေချင်ပါဘူး။

၂၁။ ကျန်းမာရေးစနစ်ကို ပိုမိုကောင်းမွန်အောင်လုပ်ရာ၌ အဓိကအရေးကြီးသည့်အချက်မှာ လက်တွေ့နယ်ပယ်မှာ ဖြစ်ပေါ်လျက်ရှိတဲ့အခြေအနေများကို ကောင်းစွာသိဖို့လိုပါတယ်။ ဒါကြောင့် ဒီအခြေအနေတွေကို အမြန်ဆုံးသိရှိရန် ဘက်ပေါင်းစုံမှ စုံစမ်းသုံးသပ်ရပါမယ်။ လက်တွေ့နယ်ပယ်မှာ ဖြစ်ပေါ်လျက်ရှိတဲ့အခြေအနေများဆိုတာ ကျေးရွာအဆင့် ဆေးပေးခန်း၊ ဆေးရုံတွေရဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေမှာ အမှန်တကယ် ဘာတွေဖြစ်နေလဲဆိုတာ ကျွန်တော်တို့ သိကိုသိရပါမယ်။ ဒီလိုဝန်ဆောင်မှုပေးရာ၌ ကျန်းမာရေးဝန်ထမ်းများဘက်မှလည်းကောင်း၊ ပြည်သူလူထုဘက်မှလည်းကောင်း ဘာအတားအဆီးအခက်အခဲများရှိတယ်၊ ဘာပြဿနာများရှိတယ်ဆိုတာကို သိရှိဖို့လိုပါမယ်။ ဒီမေးခွန်းနှစ်ခုဟာ ကျွန်တော်တို့ရဲ့

ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရဲ့ ဝန်ဆောင်မှုတွေတိုးတက်ဖို့ ထည့်သွင်းစဉ်းစားဖို့လိုတဲ့ အကြောင်းအရာများစွာကို ထုတ်ဖော်နိုင်မှာ ဖြစ်ပါတယ်။

**ကျွန်တော်တို့ဟာ ဝေးလံခက်ခဲတဲ့ဒေသတွေမှာ ဖြစ်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေတွေကို မြန်မြန်ဆန်ဆန်သုံးသပ်ပြီး လိုအပ်တဲ့စောင့်ရှောက်မှုတွေပေးဖို့ အထူးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။** ကျွန်တော်တို့ရဲ့ ကျန်းမာရေးပညာရှင်တွေကို ထိုင်ခုံမှာပဲထိုင်နေတဲ့ ကပ်ရောဂါဗေဒဆိုင်ရာကျွမ်းကျင်ပညာရှင်နှင့် သီအိုရီသဘောတရားအရသာ ဆောင်ရွက်တတ်တဲ့ ကျန်းမာရေးလုပ်ငန်းစီမံချက်ရေးဆွဲသူတွေ (arm-chaired epidemiologists and theoretical health planners) တွေ မဖြစ်စေချင်ပါဘူး။ ဒီလိုကျန်းမာရေးပညာရှင်တွေက ကျန်းမာရေးစီမံချက်များရေးဆွဲမယ်ဆိုရင် အလွန်ကောင်းသောစီမံချက်ဖြစ်သော်လည်း တကယ့်လက်တွေ့အခြေအနေမှာ အကောင်အထည်ဖော်နိုင်မှာမဟုတ်ပါဘူး။

အဓိကဆိုလိုရင်းကတော့ ကျန်းမာရေးစီမံချက်ကောင်းတစ်ခု ရေးဆွဲတဲ့လုပ်ငန်းစဉ်တိုင်းမှာ တိုင်းဒေသကြီး/ပြည်နယ်များက ကုသရေးနဲ့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတွေ အပါအဝင် ကျွန်တော်တို့အားလုံးပါ အတူတကွ လက်တွေ့အတွေ့အကြုံတွေကို တက်ကြွစွာမျှဝေဖို့ လိုအပ်ပါတယ်။ ကောင်းမွန်သောကျန်းမာရေးစီမံချက် တစ်ခုရေးဆွဲဖို့အချက်အလက်တွေပြည့်စုံအောင် မရနိုင်ဘူးဆိုရင် **ကျွန်တော်တို့ဟာ အရည်အသွေးဆိုင်ရာလေ့လာမှုနည်းလမ်း(qualitative methods) တွေ စစ်ဆေးမှုစာရင်း (check list) တွေသုံးပြီး အမြန်ဆောင်ရွက်သွားပါမယ်။**

တကယ်တမ်းကျတော့ လက်တွေ့အခြေအနေအစစ်ကိုသိပြီး ထင်ဟပ်ဖော်ညွှန်းနိုင်တာက မြို့နယ်အဆင့်နဲ့ အောက်မှာအလုပ်လုပ်ကြတဲ့ ဝန်ထမ်းတွေဖြစ်ပါတယ်။ တိုင်းပြည်ထဲမှာ မြို့နယ်အနှံ့၊ ကျေးရွာအနှံ့ ကျန်းမာရေးဝန်ထမ်း တွေခရီးသွားကြတဲ့အခါ ကျွန်တော်တို့ သတင်းအချက်အလက်တွေ ရနိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးစနစ်ရဲ့အဆင့်အသီးသီးမှာ ရှိတဲ့ဝန်ထမ်းတွေအကြား ထိရောက်တဲ့ ဆက်သွယ်ဆောင်ရွက်မှုရှိဖို့ဟာ အလွန်အရေးကြီး

ပါတယ်။ **ကျွန်တော်အနေနဲ့ ဝန်ထမ်းများ နယ်သို့ခရီးထွက်ပြီး အခြေအနေများ လေ့လာသုံးသပ်ခြင်းကို အားပေးမှာဖြစ်ပြီး** တွေ့ရှိလာသည့်အကြောင်းအချက်များကို သေချာစွာစိစစ်ပြီးကျန်းမာရေးစီမံချက်များ ပိုမိုကောင်းမွန် ထိရောက်စေရန်အတွက် အသုံးပြုမှာဖြစ်ပါတယ်။

၂၂။ အထူးအရေးကြီးတဲ့အချက်တစ်ချက်က ကျွန်တော်တို့သည် **အထက်အောက် အပြန်အလှန်ထောက်ပြ သတင်းပို့သည့်စနစ်(feedback system)ကို အထူးအားဖြည့်ဆောင်ရွက်မှာဖြစ်ပါတယ်။** ဒီအပြန်အလှန်သတင်းပို့တဲ့စနစ်က အထူးသဖြင့် ကျန်းမာရေးသတင်းစနစ်အတွက် အလွန်အရေးကြီးပါတယ်။ အောက်ခြေအဆင့်မှာလုပ်နေတဲ့ ဝန်ထမ်းကပို့တဲ့သတင်းအချက် အလက်များကို ဗဟိုမှာရှိတဲ့ပညာရှင်တွေက ဆန်းစစ်သုံးသပ်ပြီး ပြန်လည်အကြောင်း ကြားပေးမယ်ဆိုရင် ရလဒ်အနေနဲ့ စာရင်းဇယားများရဲ့မှန်ကန်မှုတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အောက်ခြေအဆင့်ကျန်းမာရေးဝန်ထမ်းများက သူတို့ပို့လိုက်တဲ့ သတင်းအချက်အလက်တွေကို ဗဟိုအဆင့်က သုံးသပ်နေခြင်းနှင့် အခြားအရေးကြီးကိစ္စရပ်များမှာ အသုံးပြုနေတယ်ဆိုတာ သဘောပေါက်သွားလို့ပါပဲ။

ယင်းကဲ့သို့ ပြုလုပ်ခြင်းဖြင့် အောက်ခြေဝန်ထမ်းများသည် စာရင်းဇယားများ၏ အရေးကြီးပုံကို နားလည်သဘောပေါက်သွားပြီး ပိုမိုတိကျသော စာရင်းဇယားများရရှိရန် လုပ်ဆောင်လိုတဲ့စိတ်ဓါတ်များ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျန်းမာရေးဌာနအဆင့်အလိုက် **"စာရင်းဇယားများကို ဆုံးဖြတ်နိုင်သော သတင်းအချက်အဖြစ် လုပ်ဆောင်သည့် သင်တန်းများ"** ပေးမှာဖြစ်ပါတယ်။ ဒီသင်တန်းများရဲ့ အကျိုးကတော့ နိုင်ငံရဲ့ကျန်းမာရေးအခြေအနေမှန်ကို ထင်ဟပ်နိုင်သော ကျန်းမာရေးသတင်းစနစ် ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

၂၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေငြာစာတမ်းမှာ ကျန်းမာရေးအတွက် ပေးအပ်ထားတဲ့တာဝန်တစ်ခုကတော့ **"ကျန်းမာရေးစောင့်ရှောက်မှုတွေကို လူထုထံ**

**သို့ လွယ်လွယ်ကူကူရောက်ရှိ လက်ခံရယူနိုင်သည်အထိ ဆောင်ရွက်ရန်”** ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့ဟာ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရရှိရေးကို အရောက်သွားရမှာဖြစ်ပါတယ်။ ဒီလိုသွားနိုင်ဖို့ အခုပြောမယ့်လုပ်ငန်းတွေကို အလေးထားဆောင်ရွက်ကြပါမယ်။

(က) အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုကောင်းမွန်ကျယ်ပြန့်အောင်ဆောင်ရွက်မည်၊

(ခ) ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုကို လျော့ချနိုင်ရန်အတွက် စီမံချက်များဆောင်ရွက်ပြီး ဆေးဝါးနှင့်အာဟာရချို့တဲ့မှု မရှိစေရန် ဆောင်ရွက်သွားမည်၊

(ဂ) ကလေးသူငယ်များအား ကျန်းမာရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် ဗဟုသုတရရှိစေရန်၊ ကူးစက်ရောဂါများ ကာကွယ်နိုင်ရန်၊ ကျန်းမာဖွံ့ဖြိုးသော လူငယ်များ ဖြစ်စေရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်၊

(ဃ) လူငယ်များကြား မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးရေးလုပ်ငန်းများကို အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်သွားမည်၊

(င) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုအတွက် အစီအစဉ်များ ဆောင်ရွက်သွား၍ ပျမ်းမျှလူ့သက်တမ်းကို (၆၄)နှစ်အထက်ဖြစ်ရေး ဦးတည်မည်၊

(စ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အထူးသဖြင့် အဆုတ်ရောဂါ၊ ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ အိတ်ချ်အိုင်ဗီရောဂါဖြစ်နှုန်းများလျော့ချရန်နှင့် လိုအပ်သောဆေးဝါးများ လုံလောက်မှုရှိစေရန် ကြိုးစားဆောင်ရွက်သွားမည်၊

(ဆ) မကူးစက်တတ်သောရောဂါများဖြစ်သော်လည်း ပြည်သူလူထု၏ ကျန်းမာရေး ထိခိုက်စေသည့် ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ အစရှိသည့် တို့အတွက် ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဖြစ်ပွားနှုန်း လျော့ချမည်၊

(ဇ) နိုင်ငံပိုင် ဆေးရုံ၊ ဆေးခန်းတို့တွင် အရည်အသွေးကောင်းမွန်သောဆေးဝါးများ၊ ခေတ်မီဆေးကုသနည်းများကို အသုံးပြုနိုင်ရန်နှင့် ကျန်းမာရေးဝန်ထမ်းများ (ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ စသည်)တို့၏ အရည်အချင်းများ တိုး တက်စေပြီး ကျင့်ဝတ်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆောင် ရွက်သွားမည်၊

(ဈ) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကို ပြည်သူ့ကျန်းမာရေး ပိုမိုကောင်းမွန်စွာ စောင့်ရှောက်နိုင်ရန်အတွက် ဥပဒေနှင့်အညီ ဖွင့်လှစ်ခွင့်ပြုမည်၊

(ည) ဆေးဝါးထုတ်လုပ်ခြင်းများ၊ ဆေးကုသခြင်း၊ ဆေးပညာသင်ကြားခြင်းနှင့် သု တေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတကာပညာရှင်များ၊ နိုင်ငံ တကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်၊

(ဋ) မှန်ကန်သည့်သတင်းအချက်အလက်အပေါ် အခြေခံသည့် ကျန်းမာရေးစီမံခန့် ခွဲမှုစနစ် တိုးတက်စေရန် ဆောင်ရွက်မည်၊

(ဌ) သဘာဝဘေးဒဏ်ကျရောက်သည့် နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု အရေးပေါ်အစီအစဉ်နှင့် ဆက်သွယ်ရန်ခက်ခဲသော တိုင်းရင်းသားဒေသများ တွင် ကျန်းမာရေးစောင့်ရှောက်မှုအထူးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(ဍ) တိုင်းရင်းဆေးပညာလောက ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်၊

(ဃ) အန္တရာယ်ဖြစ်စေနိုင်သော အနောက်တိုင်းဆေး၊ တိုင်းရင်းဆေး၊ အစားအသောက်နှင့် သောက်သုံးရေတို့ကို ပြည်သူများမသုံးစွဲမိစေရန် စနစ်တကျဆောင်ရွက်သွားမည်၊

(စ) နိုင်ငံတော်မှ ကျန်းမာရေးဘတ်ဂျက်များကို တိုးမြှင့်သုံးစွဲ၍ ပြည်သူများ ကျန်းမာရေးအတွက် ဆေးကုသစရိတ်များကို လျော့ချနိုင်ရန် ဆောင်ရွက်မည်။

**ကျွန်တော်တို့ဟာ ဖော်ပြပါလုပ်ငန်းများကို သက်ဆိုင်ရာစီမံချက် မန်နေဂျာများနှင့် တိုင်ပင်ပြီး သင့်တော်တဲ့နည်းဗျူဟာတွေသုံး၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

၂၄။ အားကစားနှင့်ကာယပညာဦးစီးဌာနအနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေငြာစာတမ်းအတိုင်း လူငယ်များကာယဉာဏဖွံ့ဖြိုး တိုးတက်စေရန် အားကစားသိပ္ပံများဖွင့်လှစ်ခြင်း၊ အားကစားပြုလုပ်လေ့ကျင့်ရန် ကစားကွင်းနေရာများ ပြန်လည်ဖော်ထုတ်ပေးခြင်းနှင့် ကျောင်းတွင်း အားကစားလှုပ်ရှားမှုများအား မြှင့်တင်ပေးခြင်း အစရှိသော လူငယ်နှင့် အားကစားကဏ္ဍမြှင့်တင်ရေးအစီအစဉ်များ ထည့်သွင်းပေးသွားမှာဖြစ်ပါတယ်။ အားကစားရုံများ ဆောက်လုပ်ခြင်းနှင့် ကာယပညာပေးလုပ်ငန်းများ မစတင်မီ လိုအပ်သော ဆန်းစစ်မှုများပြုလုပ်ပြီး ရှေ့ရက်(၁၀၀)၊ (၆)လ၊ တစ်နှစ်အတွင်း ဆောင်ရွက်မည့် စီမံချက်များ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တကယ်တော့မကြာသေးမီက တွဲဖက်လိုက်တဲ့ အားကစားနှင့် ကာယပညာဦးစီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းများဟာ အပြန်အလှန်ဆက်နွယ်နေပြီး ဌာနများပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပိုမိုထိရောက်စွာ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

၂၅။ ဒီနေ့အဖို့ ကျန်းမာရေးဝန်ထမ်းအားလုံးနဲ့ သက်ဆိုင်တဲ့ ယေဘုယျပြဿနာ (generic issues) အချို့နဲ့ ပြည်သူ့ကျန်းမာရေးနှင့်အထွေထွေကျန်းမာရေးကိစ္စရပ်များ တိုးတက်စေမယ့်အကြောင်းအရာတွေကို အဓိကပြောသွားပါ့မယ်။ ကုသရေးဆိုင်ရာနဲ့ တက္ကသိုလ်တွေ၊

သင်တန်းကျောင်းတွေ၊ ဆေးရုံတွေနဲ့ဆိုင်တဲ့ အသေးစိတ်ကိစ္စတွေကိုတော့ သက်ဆိုင်ရာဌာနက တာဝန်ခံတွေနဲ့တွေ့တဲ့အခါ ဆွေးနွေးပါမယ်။ နေရာအကန့်အသတ်ကြောင့် အားလုံးကို ကျွန်တော်အခုခေါ်မတွေ့နိုင်တာပါ။

၂၆။ ဒါဟာ ကျွန်တော့်အနေနဲ့ ဆရာတို့ကို ပထမဆုံး တရားဝင် (officially) တွေ့ဆုံရတာဖြစ်ပါတယ်။ လာမယ့် လတွေ၊ နှစ်တွေမှာ အသစ်တဖန် အင်အားတွေ၊ ကတိကဝတ်တွေနဲ့ ညီညွတ်စွာ ရှေ့ဆက်ကြဖို့ အရေးကြီးအချက်တချို့ကို လက်ဆင့်ကမ်းချင်ပါတယ်။

၂၇။ ကုသရေးကဏ္ဍမှာ ကျွန်တော်တို့ လူနာကုသတဲ့အချိန်မှာ လူနာကို ဦးစားပေးချဉ်းကပ်စဉ်းစားလေ့ရှိကြပါတယ်။ ပြည်သူ့ကျန်းမာရေးကဏ္ဍမှာတော့ ကျန်းမာရေးစီမံချက်လုပ်ငန်းတစ်ခုကို အစပြုတာပဲဖြစ်ဖြစ် အကောင်အထည်ဖော်တဲ့ နေရာမှာပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့စိတ်ထဲ အရင်ဆုံးဝင်ရောက်သင့်တဲ့အရာက ကျွန်တော်တို့ရဲ့ **ပြည်သူတွေဖြစ်ပါတယ်။** ပြည်သူတွေဘက်က ကျွန်တော်တို့ရဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေကို ဘယ်လိုသဘောထားကြသလဲ?။ ဒီနေရာမှာ <u>ပြည်သူ့ကျန်းမာရေးကျင့်ဝတ်နဲ့ လက်တွေ့သုတေသနတွေ့ရှိချက်များ</u>ဟာ ဓမ္မဒိဋ္ဌာန်ကျတဲ့ ဆုံးဖြတ်မှုများရရန်အတွက် အရေးကြီးလာပါတယ်။ ယေဘူယျအားဖြင့် ကျွန်တော်တို့ဟာ ကျန်းမာရေးဝန်ဆောင်မှုပေးတဲ့အခါ ကျွမ်းကျင်မှုဆိုင်ရာအသေးစိတ်အကြောင်းအရာတွေနဲ့ အလုပ်ရှုပ်နေကြတော့ ဒီလိုပြည်သူဘက်ကနေစဉ်းစားတဲ့ အချက်ကို မေ့နေတတ်ကြပါတယ်။

၂၈။ **ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေကို ကိုယ့်တာဝန်ကိုယ်လုပ်ဆောင်တဲ့အခါ အခုပြောမယ့် နည်းလမ်းတွေနဲ့ စဉ်းစားတွေးခေါ်စေချင်ပါတယ်။** ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေ <u>လုပ်ငန်းခွင်ကျေနပ်မှုရရှိရန်</u>ကိစ္စဟာ အသက်သွေးကြောပမာ အရေးကြီးပါတယ်။ ကျွန်တော်တို့ရနိုင်တဲ့ <u>လုပ်ငန်းခွင်ကျေနပ်မှုရဖို့</u> ပုံစံတစ်မျိုးက ဥပမာ <u>ကာကွယ်ဆေးထိုးလုပ်ငန်း</u> ဆိုရင် အလုပ်လုပ်ရင်းနဲ့ ဒီကာကွယ်ဆေးထိုးလုပ်ငန်းတွေကြောင့် ကလေးတွေ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ရောဂါတွေမဖြစ်တော့ဘူး။ ကလေးရောဂါဖြစ်လို့ မိဘတွေ၊ မိသားစုဝင်တွေခံစားရမယ့် သောကမရှိတော့ဘူး။ ရောဂါကုဖို့ မိဘတွေ ငွေကြေးတွေ၊ အချိန်တွေမကုန်တော့ဘူး။

ရောဂါမဖြစ်တော့ ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်စေတော့ဘူး။ ဒီလိုတွေးရပါမယ်။ ဒီလိုပဲ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုစီမံချက်အတွက်ဆိုရင်လည်း အစီအစဉ်တွေရေးဆွဲမယ်။ စီမံချက်တိုးတက်ဖို့ဆွေးနွေးကြမယ်။ ဒါတွေလုပ်ရင်း ဒီကျန်းမာရေးစောင့်ရှောက်မှုတွေကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေရဲ့ ပြဿနာ၊ စိတ်ဖိစီးမှုတွေနည်းပြီး မွေးဖွားပြီးသည်အထိ ချောချောမွေ့မွေ့ဘာမှမဖြစ်တော့တာတွေကို တွေးမြင်နိုင်ရပါမယ်။

ဒီလိုအမြင်ကျယ်မှုရှိမှသာ လုပ်ငန်းဆောင်ရွက်နေတဲ့ ဝန်ထမ်းတွေဟာ လုပ်ငန်းခွင်ကျေနပ်မှုကို ရရှိကြမှာဖြစ်ပါတယ်။ ဒီလိုတွေးခေါ်တဲ့ပုံစံဟာ ကုသရေးဘက်မှာ တာဝန်ကျနေတဲ့ ဆရာဝန်တွေအတွက်လည်း အတူတူပါပဲ။ သူတို့ကတော့ လူနာတွေ အကျိုးခံစားရတာကို ချက်ချင်းမြင်ကြရတယ်။

၂၉။ ကျွန်တော့်အနေနဲ့ နည်းပညာပိုင်းဆိုင်ရာကို အသေးစိတ်မပြောကြားခင်မှာ **ကျွန်တော်တို့ကျန်းမာရေးဝန်ထမ်းတွေ အထူးသဖြင့်ဝေးလံခေါင်ဖျား၊ သွားလာရခက်ခဲတဲ့ နယ်မြေဒေသတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေရဲ့ လူမှုဘဝဖူလုံရေးနဲ့ သက်သာချောင်ချိရေးကိစ္စတွေကို အထူးဂရုပြုပြီး ဦးစားပေးဆောင်ရွက်သွားမယ်ဆိုတာကို** ပြောကြားလိုပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများနဲ့ မချွင်းမချန်စေ့စေ့စပ်စပ် ဆွေးနွေးပြီးနောက်ပိုင်းမှာ ဆောင်ရွက်ပေးပါမယ်။ ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေး (welfare)ကိစ္စဟာ စီမံချက်အကောင်အထည်ဖော်ဆောင်မှုနဲ့ တန်းတူညီမျှအရေးကြီးပါတယ်။ **ဝန်ထမ်းများသက်သာချောင်ချိရေး (welfare)ကိစ္စရပ်သည် အလွန်ကျယ်ပြန့်ပြီး ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး အကောင်ဆုံးဖြစ်အောင် အဆင့်ဆင့်ဘဏ္ဍာငွေခွင့်ပြုချက်အတိုင်း ဆောင်ရွက်ပေးပါမယ်။** လိုအပ်တဲ့ရန်ပုံငွေကြေးထောက်ပံ့မှုရရှိဖို့အတွက် အသေအချာရရှိအောင် ဆောင်ရွက်ရမှာဖြစ်ပြီး မလွဲမသွေ ရရှိစေရမှာလည်းဖြစ်ပါတယ်။

၃၀။ ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး ကိုင်တွယ်ဆောင်ရွက်ဖို့လိုအပ်တဲ့ အခြားယေဘုယျ ပြဿနာ (generic issue)ကတော့ **ဆုံးဖြတ်ချက်ချတဲ့အလွှာအဆင့်ဆင့် (decision making layers)တွေကို လျှော့ချဖို့ပဲဖြစ်ပါတယ်။** ကျွန်တော်တို့ဟာ အထူးသဖြင့် ဗဟိုအဆင့်မှာဆောင်ရွက်နေတဲ့ ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်တွေကို အမြန်ဆုံးပြန်လည် သုံးသပ်မှုပြုလုပ်ပြီး လက်တွေ့ကျပြီး စွမ်းဆောင်ရည်မြင့်အောင် ဆောင်ရွက်သွားပါမယ်။ ကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းစဉ်တွေ နှောင့်နှေးကြန့်ကြာပြီး အခြားမလိုလားအပ်တဲ့ နောက်ဆက်တွဲတွေဖြစ်လာမှာကို မလိုလားပါဘူး။ ဆုံးဖြတ်ချက် ချမှတ်သူတွေဟာ မိမိတို့ ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်အပေါ်မှာ တရားမျှတမှုရှိဖို့ ပုဂ္ဂိုလ်ရေးတွေမပါဖို့ တစ်ဘက် စောင်းနင်းမဖြစ်ဖို့ အပြည့်အဝတာဝန်ယူရမှာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ တိုင်းပြည်အတွက် အလုပ်လုပ်နေကြတာဖြစ်ပါတယ်။

ယေဘူယျအားဖြင့် ကျွမ်းကျင်မှုဆိုင်ရာ ဆုံးဖြတ်ချက်များသည် မူဝါဒနဲ့ မလိုလား အပ်တဲ့ အုပ်ချုပ်ရေးဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဂယက်ရိုက်ခတ်မှုမရှိခဲ့ရင် အဲဒီအတွက် **ကျွမ်းကျင်မှုဆိုင်ရာဆုံးဖြတ်ချက်ကို ချမှတ်နိုင်ရန် ကျွမ်းကျင်မှုပညာရှင်များကို လုပ်ပိုင်ခွင့်၊ အခွင့်အာဏာ ပေးအပ်ထားတော့မှာဖြစ်ပါတယ်။** သူတို့အနေနဲ့ သက်ဆိုင်ရာအထက် အဆင့်ကို သင့်လျော်သည်ဟုထင်မြင်ယူဆသော သတင်းအချက်အလက်တွေကိုသာ အသိပေး ပြောကြားပေးရုံပဲ လိုအပ်ပါမယ်။

စီမံခန့်ခွဲမှုနဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာမှာတော့ ဘဏ္ဍာရေးဆိုင်ရာ နှင့် တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်သော သက်ရောက်မှုတွေ ရှိလာနိုင်တဲ့အတွက် သက်ဆိုင် ရာအထက်အဆင့်တာဝန်ရှိသူတွေနဲ့ အသေအချာဆွေးနွေးပြီး ဆောင်ရွက်သွားရပါမယ်။ ကျွန်တော်တို့ရဲ့ ကျွမ်းကျင်ဝန်ထမ်းတွေကို **ကျွမ်းကျင်မှုဆိုင်ရာဆုံးဖြတ်ချက် တွေချမှတ်နိုင်ဖို့ ပံ့ပိုးပေးရာမှာလည်း သူတို့အားလုံးကို ခြုံငုံမိနိုင်မယ့် ယေဘုယျ (generic) မူဘောင်ကို ချမှတ်ပေးပါမယ်။** ကဏ္ဍအားလုံးခြုံငုံမိအောင် စဉ်းစားဆင်ခြင်ရပါမယ်။ <u>ရေတိုနဲ့ရေရှည် အကျိုးအမြတ်</u> နှစ်မျိုးလုံးရရှိဖို့နဲ့ အဆင့်မြင့်ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ဖို့အတွက် သက်ဆိုင်

ရာတာဝန်ရှိသူအားလုံးကနေပြီး မိမိတို့ရဲ့အတွေးအခေါ်တွေနဲ့ ထင်မြင်ယူဆချက်တွေကို ပါဝင်အကြံပြုနိုင်ရန် အခွင့်အလမ်းပေးထားပါမယ်။

**တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ညွှန်ကြားရေးမှူးတွေကို ဆုံးဖြတ်ချက်ချမှတ်တဲ့ လုပ်ငန်းတွေမှာ ဗဟိုချုပ်ကိုင်မှု ပိုမိုလျှော့ချဖို့အတွက် ကျွန်တော်တို့ အတူတကွ ပြန်လည် ဆန်းစစ်လေ့လာပြီး စဉ်းစားဆုံးဖြတ်ပေးပါမယ်။** ဗဟိုအဆင့်တာဝန်ရှိသူတွေရဲ့ အဓိက အလုပ်ကတော့ ကျန်းမာရေးစီမံကိန်း၊ စီမံချက်အမျိုးမျိုးအတွက် မူဝါဒနဲ့နည်းဗျူဟာ ချမှတ်ခြင်း၊ သုံးသပ်လေ့လာခြင်း၊ စံလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန် (standard operating procedures and guidelines)များထုတ်ဝေခြင်း စတာတွေပဲဖြစ်ပါတယ်။ ကုသရေးပိုင်းမှာရှိတဲ့ ပါမောက္ခတွေနဲ့ ဆေးဘက်ဆိုင်ရာပါမောက္ခတွေရဲ့ အဓိကအလုပ်ဟာလဲ ထိုနည်းတူပဲဖြစ်ရပါမယ်။

၃၁။ တဆက်တစပ်တည်း ပြောရမယ်ဆိုရင် **ကျန်းမာရေးဝန်ကြီးဌာနတစ်ခုလုံးရဲ့ ဆုံးဖြတ်ချက်ချမှတ်တဲ့လုပ်ငန်းစဉ်ကို ပြန်လည်လေ့လာဆန်းစစ်ပါမယ်။** ကျွန်တော်တို့ အားလုံး အတူတကွ ဝေဖန်စဉ်းစားဆင်ခြင်ပြီးတော့ ဆုံးဖြတ်ချက်အလွှာတွေကို လျှော့ချပါမယ်။ ပိုပြီးတော့လက်တွေ့ကျ မှန်ကန်မြန်ဆန်ပြီး ပွင့်လင်းမြင်သာမှုရှိအောင်လည်း ဆောင်ရွက်ပေးပါမယ်။ အမှုတွဲတစ်ခုဟာ ကျန်းမာရေးဝန်ကြီး ဒါမှမဟုတ် ညွှန်ကြားရေးမှူးချုပ်တွေရဲ့ စားပွဲပေါ်မှာ (၂)လကြာနေပါတယ်ဆိုတာမျိုး ပြောဆိုခံရမှာကိုလည်း လုံးဝမလိုလားပါဘူး။ ထိုနည်းတူစွာပဲ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပြင်ပအဖွဲ့အစည်းတွေကလည်း "ကျန်းမာရေးဝန်ကြီးဌာနက တုံ့ပြန်ဖြေကြားချက်ကို လပေါင်းများစွာအထိ မရသေးပါဘူး" (We have not yet got the feedback from MoH for months)လို့ ပြောကြားတာကိုလည်းလုံးဝမလိုချင်ပါဘူး။ ကျွန်တော်တို့အနေနဲ့ အနည်းဆုံးတော့ ဒီကိစ္စကို စဉ်းစားဆောင်ရွက်ဆဲဖြစ်နေပါတယ် ဆိုတာလောက်တော့ ပြန်ကြားနိုင်ရမှာဖြစ်ပါတယ်။

**ကျွန်တော်တို့သည် လျှင်မြန်စွာပြန်လည် တုန့်ပြန်ဖြေကြားမှုကို အကျင့်တစ်ခုအနေနဲ့ဖြစ်အောင် ပြုလုပ်ရမှာဖြစ်ပါတယ်။** ဒီနေရာမှာ ကျွန်တော်တို့ ဝန်ထမ်းတွေကို ပြည်တွင်း

ပြည်ပဆက်သွယ်ရေး လမ်းကြောင်းတွေနဲ့ အရေးကြီးတဲ့သတင်းအချက်အလက်တွေ ဖလှယ်ရာမှာလျင်လျင်မြန်မြန်ပြီးစေဖို့ အီးမေးလ် (email)ကို အတတ်နိုင်ဆုံး အသုံးပြုကြပါလို့ တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့ လျင်မြန်တဲ့ ဝိုင်ဖိုင် (wi-fi)စနစ်တွေကို အနည်းဆုံးတော့ ဗဟိုအဆင့်ရုံးဌာနတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ရုံးတွေမှာ အသုံးပြုနိုင်အောင်ဆောင်ရွက်ပေးပါမယ်။ ဒီလိုမဆောင်ရွက်နိုင်သရွေ့ ကျွန်တော်တို့ရဲ့ တိုးတက်မှုဟာနှောင့်နှေးနေမှာဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနရှိ ကွန်ပျူတာဌာနခွဲနဲ့ ကျွန်တော်ဆွေးနွေးသွားပါမယ်။

၃၂။ ကျွန်တော်တို့ အထူးနားလည်သဘောပေါက်ရမယ့် အမှန်တရားတစ်ခုကတော့ <u>အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကိစ္စရပ်များဟာ ကျွမ်းကျင်မှုဘာသာရပ်</u>ကဲ့သို့ အညီအမျှ အရေးကြီးပါတယ်။ ကျန်းမာရေးစနစ်တွင် နှောင့်နှေးမှုများကို မြန်ဆန်စေရန်အတွက် အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုစနစ်ပုံစံများကို ပြောင်းလဲပစ်ရန်လိုပါမယ်။ <u>လက်တွေ့လုပ်ငန်းဆောင်ရွက်တဲ့အဆင့်</u>တွေဖြစ်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နဲ့ အောက်အဆင့်တွေအားလုံးမှာလည်း အရေးကြီးပါတယ်။ ကုသရေးပိုင်းဆောင်ရွက်နေတဲ့ ဆေးရုံ၊ ဆေးပေးခန်းတွေမှာ ဆေးဝါးတွေ၊ ပစ္စည်းကိရိယာတွေနဲ့ အထောက်အပံ့ပစ္စည်းတွေအားလုံး သက်ဆိုင်ရာဌာနများဆီချောမွေ့စွာ စီးဆင်းရောက်ရှိရန်မှာ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် **ကျွန်တော်တို့ဟာ ထောက်ပံ့ရေးကွင်းဆက်စီမံခန့်ခွဲမှုစနစ် (supply chain management system)ကို အမြန်ဆုံးတိုးတက်အောင် လုပ်မှာဖြစ်ပါတယ်။** ယခုအနေအထားအရ ဒီစနစ်ဟာ ကောင်းမွန်စွာ လည်ပတ်နိုင်ခြင်းမရှိသေးပါဘူး။ အရှင်းဆုံးဥပမာတစ်ခုကတော့ ဗဟိုဆေးသိုလှောင်ရေးဌာနမှာ အရည်အသွေးပြည့်ဝတဲ့ ဆေးဝါးပစ္စည်းတွေစုပုံလျက်ရှိနေပေမယ့် လိုအပ်နေတဲ့ဆေးရုံတွေ၊ ကျန်းမာရေးဌာနတွေကို အချိန်မီရောက်ရှိဖို့အတွက်ကျတော့ တာဝန်ရှိပုဂ္ဂိုလ်ရဲ့လက်မှတ် ဒါမှမဟုတ် စာရွက်စာတမ်း လိုအပ်နေသေးလို့ဆိုတဲ့ အကြောင်းပြချက်များနဲ့ မရောက်တာတွေလည်း ဖြစ်တတ်ပါတယ်။ ဒီလိုအဖြစ်အပျက်မျိုးတွေ ကျွန်တော်တို့ မဖြစ်စေချင်ပါဘူး။ အကယ်၍ ကျွန်တော်တို့ရဲ့

ထောက်ပံ့ရေးကွင်းဆက်စီမံခန့်ခွဲမှုစနစ် (supply chain system)သာ စွမ်းဆောင်ရည်မြင့်ခဲ့ရင်လည်းကောင်း၊ ထုတ်ပြန်ထားသော ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်းသာ လိုက်နာဆောင်ရွက်ခဲ့ကြမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ငွေကျပ်သန်းပေါင်းများစွာကို ချွေတာနိုင်မှာဖြစ်တဲ့အပြင် အစွမ်းထက်တဲ့ဆေးတွေ လိုအပ်တဲ့နေရာဌာနတွေကို အချိန်မီ ရောက်ရှိပြီး အမှန်တကယ်သုံးစွဲမယ့် ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ အကျိုးရှိရှိ သုံးစွဲနိုင်မှာဖြစ်ပါတယ်။

၃၃။ ဝေးလံပြီး သွားလာရခက်ခဲတဲ့နေရာတွေမှာ ကျွန်တော်တို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေဟာ အမျိုးမျိုးသောအကြောင်းတွေကြောင့် စွမ်းဆောင်မှုအားနည်းနေရတယ်ဆိုတာ ကျွန်တော်တို့အားလုံး သတိပြုမိပါတယ်။ အချို့အကြောင်းရင်းတွေက ကျန်းမာရေးဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်အတိုင်းအတာ ဘောင်ထက်ကျော်လွန်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အလေးအနက်ထား ဆွေးနွေးပြီးနောက်မှာ ဒီအခြေအနေတွေကို တိုးတက်ကောင်းမွန်လာစေဖို့အတွက် **ဆန်းသစ်တဲ့အစီအစဉ်တွေ အပါအဝင် အမျိုးမျိုးသောနည်းလမ်းတွေကို အပိုင်းလိုက်၊ အဆင့်လိုက် ဆောင်ရွက်မှုနည်းလမ်း** (phase-wise and step-wise manner)နဲ့ ဆောင်ရွက်သွားပါမယ်။

အဲဒီလုပ်ငန်းများ ဆောင်ရွက်ရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများက နီးကပ်စွာပူးပေါင်း ပါဝင်လာရပါလိမ့်မယ်။ ရွေ့လျားဆေးကုသရေးအဖွဲ့များ (mobile clinic)နှင့် ပြင်ပဆေးကုဆရာဝန်များနဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေကိုလည်း ထည့်သွင်းစဉ်းစားရမယ့်အချက်တွေဖြစ်ပါတယ်။ ဝေးလံခေါင်းပါးတဲ့ဒေသကလူထုအတွက် လုပ်ဆောင်စရာတွေ အစီအစဉ်ရေးဆွဲတဲ့အခါမှာ ဒီအချက်ဟာ အဓိကဦးစားပေးရမယ့်အချက်တွေထဲက တစ်ချက်ဖြစ်ပါတယ်။ အဲဒီလိုကြိုးစား အားထုတ်မှုမှာ ကျန်းမာရေးဝန်ကြီးဌာနရှိ ဝန်ထမ်းတွေရဲ့ တန်ဖိုးရှိလှတဲ့ အကြံပြုချက်တွေကလည်း အလွန်အရေးပါနေပါတယ်။

၃၄။ အခြားနီးနွယ်တဲ့ ဝန်ကြီးဌာနတွေနဲ့အတူ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ခြင်း အားဖြင့် ကျန်းမာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ များစွာလွယ်ကူချောမွေ့ လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့မှတ်သားဖို့ လိုအပ်တဲ့အချက်တစ်ခုကတော့ ပြည်သူတစ်ရပ်လုံးရဲ့ ကျန်းမာရေးအဆင့် တိုးတက်မြင့်မားဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် အဓိကဌာန ဆိုသော်ငြားလည်း အခြားနီးနွယ်ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေရဲ့ ပူးပေါင်းပါဝင် ဆောင်ရွက် မှုဟာလည်း အထူးလိုအပ်နေမှာဖြစ်ပါတယ်။

**ကျွန်တော်တို့အနေနဲ့ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု နည်းစနစ်ကို အမြန် ဆုံးစဉ်းစားပြီး ချမှတ်လုပ်ဆောင်ပါမယ်။ ဒီလိုလုပ်ဆောင်ရာမှာလည်း ဆရာတို့ရဲ့ အတွေ့ အကြုံကောင်းများကို ဖော်ဆောင်ထုတ်နုတ်ပြီး သုံးပါမယ်။**

ဒီနေရာမှာ ဆရာတို့ရဲ့ အတွေ့အကြုံတွေကို ကောင်းကောင်းအသုံးချရပါလိမ့်မယ်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနဲ့ ဖွံ့ဖြိုးမှု မိတ်ဘက်အဖွဲ့အစည်းတွေနဲ့ ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ဖို့နဲ့ မျော်မှန်းရလဒ် တွေရရှိနိုင်ဖို့ အတွက် **ရှိရင်းစွဲ မြန်မာ့ကျန်းမာရေးကဏ္ဍညှိနှိုင်းဆောင်ရွက်ရေးကော်မတီ** (Myanmar Health Sector Coordinating Committee) (M-HSCC) လုပ်ကိုင် ဆောင်ရွက်နေပုံတွေကို ပြန်လည်လေ့လာဆန်းစစ်ပြီး လက်တွေ့ကျပြီး ရလဒ်ကောင်းတွေ ရရှိအောင် ပြုလုပ်ပေးရပါလိမ့်မယ်။ နိုင်ငံခြားဆက်သွယ်ရေးဌာနရဲ့ အခန်းကဏ္ဍဟာလည်း အလွန်အရေးပါတဲ့အတွက် လက်ရှိနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု နည်းစနစ်များကို ပိုမို ကောင်းမွန်ပြီး ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် **နိုင်ငံခြားဆက်သွယ်ရေးဌာနကိုလည်း ကျွန်တော်တို့ အမြန်ဆုံးအားဖြည့်ဆောင်ရွက်ပါမယ်။** အဲ့ဒီလုပ်ဆောင်မှုဟာ ဆိုရင်လည်း လာမယ့်ရက်သတ္တပတ်များနဲ့ လာမယ့်လပိုင်းတွေမှာ ဦးစားပေးလုပ်ဆောင်ရမယ့် လုပ်ဆောင် စရာတွေထဲက တစ်ခုဖြစ်ပါတယ်။

၃၅။ ကျွန်တော်အသိပေးလိုတာကတော့ မေလကစလို့ **ရက်ပေါင်းတစ်ရာအတွင်းမှာ ကျွန်တော်တို့ ဘာတွေလုပ်သွားမှာလဲဆိုတဲ့** အဓိကအချက်တွေကို ကျွန်တော်ရေးဆွဲထား ပါတယ်။ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနဲ့ ညှိနှိုင်းပြင်ဆင်ပြီး အတည်ပြုသွား ပါမယ်။ အဓိကအချက်ကတော့ ကျွန်တော်တို့ရဲ့ လုပ်ငန်းအခြေခံအုတ်မြစ်တွေ ခိုင်ခံ့လာ အောင် အဲ့ဒီကျွမ်းကျင်မှု၊ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုလုပ်ငန်းများကို အမြန်ဆုံးသုံးသပ်၍ ပိုမိုကောင်းမွန်ပြီး စွမ်းရည်မြင့်စေရန် သက်ဆိုင်ရာစီမံချက်မန်နေဂျာများ၊ ဆေးကုသရေး နယ်ပယ်မှ ပညာရှင်များ၊ ဆေးပညာသင်ကြားရေးနယ်ပယ်မှ ပညာရှင်များနဲ့ လာမယ့်ရက် သတ္တပတ်များ မှာတွေ့ဆုံပြီး အသေးစိတ်ဆွေးနွေးလက်ဆင့် ကမ်းဆောင်ရွက်စေမှာဖြစ်ပါ တယ်။

၃၆။ ကျွန်တော့်အနေနဲ့ အောက်ပါအဖွဲ့အစည်းများအားလုံးနဲ့ သီးခြားညှိနှိုင်းအစည်း အဝေးတွေ လုပ်ဖို့ စီစဉ်ထားတာပါတယ် -

(က) ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်း များ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းကြီးများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း များ၊

(ခ) ဆေးပညာသင်ကြားရေးဆိုင်ရာ တက္ကသိုလ်များနှင့်သင်တန်းကျောင်းများ၊

(ဂ) မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် တွဲဖက်အဖွဲ့ငယ်များ၊ မြန်မာနိုင်ငံကျန်းမာရေး မှူးများအသင်း စသည့်အဖွဲ့များ၊

(ဃ) ကျန်းမာရေးဆိုင်ရာကောင်စီများ (ဆေးကောင်စီ၊ သူနာပြုနှင့်သားဖွားကောင်စီ)၊

(င) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်၊

(စ) ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံကြီးများ၊ အထူးကု ဆေးရုံများ။

ဒီအစည်းအဝေးတွေကျင်းပနိုင်ဖို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အကြီးတန်းအရာရှိများ နဲ့ ညှိနှိုင်းဆောင်ရွက်သွားပါမယ်။

၃၇။ စီမံခန့်ခွဲမှုပုံစံပြောင်းလဲသွားတဲ့အတွက် ကျွန်တော်တို့ဟာ ပြည်သူလူထုကြား တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများရဲ့အတွေးအမြင်နှင့် အကြံပေးမှုများနှင့် ပြည်သူလူထုရဲ့အသံကို သေသေချာချာလေးလေးနက်နက် နားထောင်သွားမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ ဒီလိုမဟုတ်ရင် ဗဟိုမှဆုံးဖြတ်ချက်များဟာ အလွန်မှန်ကန်ပြီး ကျွမ်းကျင်မှုပိုင်းဆိုင်ရာအရ ကောင်းမွန်လက်ခံနိုင်သော်လည်း လက်တွေ့မှာ ဆောင်ရွက်လို့မရနိုင်ဘဲ ဖြစ်နေမှာပါ။ ဒီနေရာမှာ အကြောင်းအရာပေါင်းစုံ၊ ဘက်ပေါင်းစုံမှစဉ်းစားတတ်တဲ့ ကျွမ်းကျင်မှု (Epidemiological thinking skill)နဲ့ ဘက်ပေါင်းစုံ ချိုင့်သုံးသပ်ပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။

၃၈။ အဲဒီလိုစဉ်းစားဆောင်ရွက်ရာမှာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာသတင်းအပိုင်းအစတစ်ခုရရှိပါက ဒူးအဆစ်မှာရှိတဲ့ အကြောကိုတူကလေးနဲ့ခေါက်တဲ့အခါ ရုတ်တရက်ပြန်ပြီး တုန့်ပြန်သလိုမျိုး (knee jerk reaction)လို ချက်ချင်းတုန့်ပြန်ခြင်းမပြုဖို့ တိုက်တွန်း ချင်ပါတယ်။ **သေသေချာချာဘက်ပေါင်းစုံမှ စဉ်းစားဆုံးဖြတ်ပြီး ကျိုးကြောင်းဆီလျော်စွာ ဆောင်ရွက်ရန်ဖြစ်ပါတယ်။**

၃၉။ ဒီအခန်းထဲမှာရှိကြတဲ့ ဝန်ထမ်းအများစုဟာ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ ကုစက်ရောဂါဆရာဝန်ကြီးများ၊ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးပညာရှင်တွေ ဖြစ်ကြပါတယ်။ ဆေးကုသမှုပညာရှင်များနဲ့ အချိန်ပြည့်သုတေသနပညာရှင်တွေ နည်းပါတယ်။ ဒီနေရာမှာ ကျွန်တော် ထောက်ပြချင်တာကတော့ **ပြည်သူ့ကျန်းမာရေးပညာရှင်တွေဟာ သက်ဆိုင်ရာဆေးရုံဘက်က ဆေးကုသမှုပညာရှင်တွေ၊ ဆေးသုတေသနဌာနက ပညာရှင်တွေနဲ့အတူတကွအဖွဲ့တစ်ခုသဖွယ် နီးကပ်စွာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုကိုရဖို့ အတူသွားကြရမှာ ဖြစ်ပါတယ်။** အဖွဲ့လိုက်ပေါင်းစပ်သည့်အင်အားက တစ်ဦးချင်းအင်အားပေါင်းစပ်မှုထက် အဆပေါင်းများစွာ သာလွန်များပြားပါတယ်။ **ဒီပညာရှင်တွေအကြား အတွေ့အကြုံတွေမျှဝေနိုင်မယ့် ပုံမှန်လမ်းစဉ် (regular platform)တစ်ခု ကျွန်တော်တို့ဖန်တီးသွားမှာပါ။** ကျွန်တော်တို့အားလုံး အသင်းအဖွဲ့

(team) တစ်ခုအနေနဲ့ အသင်းအဖွဲ့စိတ်ဓါတ် (team spirit)နဲ့ အလုပ်လုပ်မှသာ ကျွန်တော်တို့ ကျန်းမာရေးစနစ် တိုးတက်လာနိုင်မှာဖြစ်ပါတယ်။

၄၀။ ကျန်းမာရေးဝန်ကြီးဌာနဟာ လုပ်ငန်းများ ပိုမိုစွမ်းရည်မြင့်မားစေရန်အတွက် ကျွန်တော်တို့ တစ်ဦးချင်းစီရဲ့ဆောင်ရွက်ရမယ့်အခန်းကဏ္ဍတွေ တာဝန်တွေရှိပါတယ်။ ကျွန်တော်တို့ ကိုယ်စီအခန်းကဏ္ဍတွေကို အပြည့်အဝဆောင်ရွက်နိုင်ရင် စနစ်ကချောချောမွေ့မွေ့ လည်ပတ်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်သိသလောက်ကတော့ လက်ရှိဝန်ထမ်းများရဲ့ လုပ်ငန်းတာဝန်သတ်မှတ်ချက် (job description)ဟာ နှစ်အတန်ကြာ ပြန်လည်ဆန်းစစ်မှုလုပ်မထားတော့ လုပ်ငန်းတာဝန်သတ်မှတ်ချက် (job description)ကို ခပ်မြန်မြန် ပြန်လည်ဆန်းစစ်ပြီး လတ်တလောလိုအပ်ချက်အရ ပြောင်းလဲဖို့လိုပါမယ်။ ကပ်ရောဂါဗေဒအနေနဲ့ဆိုရင်တော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာရှိတဲ့အရေးပါတဲ့ဝန်ထမ်းအလွှာ (In epidemiologic terms, it is quick and dirty analysis on job descriptions of key categories of health professionals in the MoH) ဖြစ်ပါတယ်။

၄၁။ နောက်ထပ်ကျွန်တော်တို့ မြန်နိုင်သလောက်မြန်မြန်လုပ်သွားမယ့် အဓိကလုပ်ငန်းကမကြာခင်က ကျင်းပပြီးစီးခဲ့သော အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲ (seminar)များ၊ ဖိုရမ် (forum)များမှ ထွက်ပေါ်လာသော ထောက်ခံအကြံပြုချက် (recommendations) များကို အမြန်ဆုံးပြန်လည်သုံးသပ်ပြီး ဦးစားပေးအစီအစဉ်ဖြင့် အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ အဲဒီဦးစားပေး ထောက်ခံအကြံပြုချက် (recommendations)တွေရဖို့ ဆရာတို့ရဲ့ဦးနှောက်တွေသုံး၊ အချိန်တွေအကုန်ခံခဲ့ရတယ်။ ဒါကြောင့် ဒီထောက်ခံအကြံပြုချက် (recommendations)တွေဟာ စာအုပ်စင်ချောင်တစ်နေရာမှာ မရှိနေစေချင်ပါဘူး။ တကယ်တော့ ဒါတွေဟာ ကျွန်တော်တို့လုပ်ရမယ့် ရှေ့လုပ်ငန်းစဉ်တွေပဲဖြစ်ပါတယ်။

၄၂။ ကျွန်တော်အနေနဲ့ လုပ်ငန်းစနစ်များကို ထင်သာမြင်သာရှိသည့်အပြင် လက်တွေ့လုပ်နိုင်မည့် စနစ်များဖြစ်အောင် ကြိုးစားပါမယ်။ ကျွန်တော်တို့ လုပ်ငန်းလုပ်ပုံနည်းစနစ်တစ်ခုလုံးကို လုံးဝပြောင်းလဲပြီးလုပ်ရမယ်လို့ မဆိုလိုပါဘူး။ **လက်ရှိစနစ်ရဲ့ အားနည်းချက်တွေကို**

**ဖော်ထုတ်ပြီးလိုအပ်သလို အားဖြည့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။** စနစ်တစ်ခုရဲ့ ခိုင်မာမှု စွမ်းအားမှာ ယင်းစနစ်ရှိ အားအနည်းဆုံးအချက် (သို့မဟုတ်) အားအနည်းဆုံး အချိတ်အဆက်ရဲ့ ခိုင်မာမှုစွမ်းအားသာဖြစ်ပါတယ်။ ယခင်ကပြုစုကျင့်သုံးခဲ့တဲ့စနစ်ဟာ ကောင်းမွန်ပေမယ့် ကျွန်တော်တို့ သတိပြုရမည့်အချက်က လုပ်ငန်းစနစ်ကို ထိန်းချုပ်နေသော ပြင်ပအချက်အလက်များက အမြဲပြောင်းလဲနေတယ်ဆိုတာကို သိရပါမယ်။ ဒါကြောင့် ကျွန်တော်တို့က **မကြာခဏလုပ်ငန်းစနစ်ကို လေ့လာသုံးသပ်ပြီး ပြည်သူလူထု၏ တောင်းဆိုချက်များကို စဉ်းစားပြီး ပြောင်းသင့်သည့်အချက်များကို ပြောင်းရမှာဖြစ်ပါတယ်။** လုပ်ငန်းစနစ်ကို ပြုပြင်ပြောင်းလဲဖို့ စဉ်းစားရမှာ ဆရာတို့ရဲ့ အကြံဉာဏ်များဟာ အလွန့်အလွန် အရေးကြီးပါတယ်။ **ပြီးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်အဆက်ဆက်မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ အဖွဲ့တို့၏ ကျန်းမာရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုများအတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားမှတ်တမ်းတင်လိုပါတယ်။** ကျွန်တော်တို့အနေနဲ့ ရှေ့ဆက်လက်ရမယ့် လုပ်ငန်းများအတွက် များစွာအဆင်ပြေချောမွေ့စေပါတယ်။

၄၃။ ဒီနေရာမှာ ကျွန်တော်ဖော်ပြချင်တဲ့ အမြင်တစ်ခုကတော့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးကဏ္ဍများရဲ့ အင်အားနဲ့လုပ်ဆောင်မှုတွေ ကောင်းရင်ကောင်းသလို ပြည်သူများရဲ့ ကျန်းမာရေးအဆင့်အတန်းကလည်း ကောင်းလာမှာဖြစ်ပါတယ်။ တစ်နည်းပြောရရင် **ကျွန်တော်တို့ရဲ့ ပြည်သူ့ကျန်းမာရေး၊ အားကစားနှင့်ကာယပညာနဲ့ ကုသရေးကဏ္ဍများကို တပြိုင်နက်တည်း၊ တစုတစည်းတည်း မြှင့်တင်ဖို့လိုပါတယ်။** ဒါတွေဟာ ဆရာတို့ အားလုံးရဲ့ အကူအညီနဲ့ ပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

၄၄။ အမျိုးသားကျန်းမာရေးကော်မတီရဲ့ဆုံးဖြတ်ချက်တွေ၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ မူဝါဒတွေ၊ လမ်းညွှန်ချက်တွေ၊ ထုတ်ပြန်ချက်တွေ၊ စံကိုက်လုပ်ထုံးလုပ်နည်းတွေကို နိုင်ငံတော်အဆင့်မှသည် အောက်ခြေအဆင့်ထိ ဖြန့်ဝေပေးရမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ မူဝါဒတွေ၊ နည်းဗျူဟာ၊ မဟာဗျူဟာတွေဟာ ယေဘူယျအားဖြင့် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ ဝန်ကြီး၊ ဒုဝန်ကြီးတွေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်

တွေရဲ့ ဖွင့်ပွဲအခမ်းအနားမိန့်ခွန်းတွေမှာ ဖော်ပြလျက်ရှိပါတယ်။ ဒီနေရာမှာ **ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေဆီကို သတင်းအချက်အလက်တွေ ရောက်ရှိနိုင်မယ့် နည်းလမ်း၊ ပုံစံတွေကို အသေအချာစီစဉ်ရမှာ ဖြစ်ပါတယ်။** အဲဒါကို ဘယ်လိုဆက်လုပ်မယ်ဆိုတဲ့ အသေးစိတ်ကိုတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ သက်ဆိုင်ရာဌာနအကြီးအကဲတွေနဲ့ ဆွေးနွေးပါ့မယ်။ **ကျွန်တော်တို့ လုပ်ငန်းတာဝန်တွေ ဆောင်ရွက်တဲ့နေရာမှာ အသုံးပြုနေတဲ့ ညွှန်ကြားလွှာများ၊ ဌာနဆိုင်ရာလမ်းညွှန်ချက်များကို အမြန်ဆုံးဆန်းစစ်မှုလုပ်သွားပါမယ်။** သင့်တော်တာတွေကို ဆက်သုံးပြီးတော့ အချို့ကပြုပြင်ပြောင်းလဲမှုလုပ်ဖို့လိုမယ်၊ အချို့က သိပ်မလိုတော့ရင်လည်း ဖျက်သိမ်းလိုက်ပါ့မယ်။

၄၅။ ကျွန်တော်တို့အနေနဲ့ **အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၁-၂၀၁၆) ဒါမှမဟုတ် အမျိုးသားကျန်းမာရေးစီမံကိန်းအသစ်ကို အမြန်ဆန်းစစ်ဖို့ လိုအပ်ပါတယ်။** ကျွန်တော်တို့ ဘယ်အတိုင်းအတာအထိပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီလဲ၊ ဒါမှမဟုတ် လျာထားတဲ့အစီအစဉ်တွေကို ဘယ်လောက်အတိုင်းအတာထိ အောင်မြင်ပြီးမြောက်ခဲ့ပြီလဲဆိုတာကို ဆန်းစစ်ရပါမယ်။ ဆန်းစစ်ခြင်းအားဖြင့် ဆွေးနွေးဖို့အရေးကြီးကိစ္စတွေကို တွေ့မြင်ဖော်ထုတ်နိုင်ပါမယ်။ ကောင်းတဲ့အချက်တွေရှိသလို၊ ပြုပြင်ရမယ့်အချက်တွေလည်းရှိနိုင်မယ်။ ဒါ့အပြင် ပံ့ပိုးတဲ့အချက်တွေရှိသလို ဟန့်တားနှောင့်ယှက်တဲ့ အကြောင်းရင်းတွေကိုလည်း တွေ့ရှိနိုင်ပါမယ်။ အဲဒီအချက်တွေနဲ့အတူ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းကြီးများအနေနဲ့ **ကျွန်တော်တို့ရဲ့ အမျိုးသားကျန်းမာရေးစီမံကိန်းမှာဖော်ပြထားတဲ့ လုပ်ငန်းတွေမှာ ပါဝင်ပတ်သက်မှုအတိုင်းအတာကိုပါ** သုံးသပ်ပါမယ်။ ယခုအချိန်ဟာ ကျွန်တော်တို့ရဲ့ **အမျိုးသားကျန်းမာရေးစီမံကိန်းအသစ်ကို** ရေးဆွဲဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ **အမျိုးသားကျန်းမာရေးစီမံကိန်း**အသစ်ရေးဆွဲရာမှာ လိုအပ်မယ့် လုပ်ဆောင်ချက် အဆင့်ဆင့်အတိုင်း ဆောင်ရွက်ပါမယ်။

ကျွန်တော်တို့အားလုံးဟာ အတွေ့အကြုံရှိပြီး ကျွမ်းကျင်တဲ့အတတ်ညာရှင်တွေဖြစ်ကြတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေငြာစာတမ်းမှာ ဖော်ပြ

ထားတဲ့ ကျန်းမာရေးဆိုင်ရာအချက် (၁၅) ချက်နဲ့ ကာယပညာဆိုင်ရာအချက် (၃) ချက်ကို ထည့်သွင်းစဉ်းစားပြီး လက်တွေ့ကျတဲ့ **အမျိုးသားကျန်းမာရေးစီမံကိန်း**ကို ရေးဆွဲနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အနားယူသွားတဲ့ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ ဆေးကုသမှုဆိုင်ရာပညာရှင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးပညာရှင်အသင်း၊ ကောင်စီများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းကြီးများမှ ကိုယ်စားလှယ်များနှင့် နှီးနွယ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များထံမှ အကြံဉာဏ်များ ရယူဆောင်ရွက်သွားပါမယ်။ ဒါတွေဟာ အနည်းငယ်ကျယ်ပြန့်ပြီး နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်တွေ ဖြစ်တဲ့အတွက် ကျွန်တော်အနေနဲ့ ဒီနေရာမှာ အသေးစိတ် မပြောလိုပါဘူး။

၄၆။ **အမျိုးသားကျန်းမာရေးစီမံကိန်း**ကို ပြန်လည်လေ့လာဆန်းစစ်ခြင်းနဲ့အတူ (၁၉၉၃) ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ယခုလက်ရှိကျင့်သုံးနေဆဲဖြစ်တဲ့ **အမျိုးသားကျန်းမာရေးမူဝါဒရဲ့ ယေဘုယျဦးတည်ချက်နဲ့ ဓမ္မဒိဋ္ဌာန်ကျမှုကို ပြန်လည်သုံးသပ်ရမှာဖြစ်သလို အမျိုးသားကျန်းမာရေးသုတေသနဆိုင်ရာ မူဝါဒ(မူကြမ်း)ကိုလည်း ပြန်လည်သုံးသပ်အတည်ပြုရမှာ** ဖြစ်ပါတယ်။

၄၇။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနမှာ တသီးတခြားစီဖြစ်နေကြတဲ့ များပြားလှစွာသော **လက်ရှိနည်းပညာပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာနဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာကော်မတီများရဲ့ လုပ်ငန်းတာဝန်များ (terms of reference) နဲ့ ရလဒ်တွေကိုလည်း ပြန်လည်ဆန်းစစ်**လေ့လာသုံးသပ်ပါမယ်။ ကော်မတီတွေများပြားလွန်းရင်လည်း ရည်ရွယ်ချက်ကို မရောက်ရှိဘဲဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီကော်မတီတွေ ပိုပြီးစွမ်းရည်မြင့်မားအောင် လက်တွေ့ကျအောင် စီစဉ်ဆောင်ရွက်သွားပါမယ်။ လိုအပ်ခဲ့ရင် လုပ်ငန်းအဖွဲ့တွေ ပညာရှင်အစုအဖွဲ့တွေ ပြန်လည်ဖွဲ့စည်းဆောင်ရွက်သွားပါမယ်။ ဒီအဖွဲ့များရဲ့လုပ်ငန်းကို အပြီးသတ်ဆောင်ရွက်ပြီးတဲ့အခါမှာ အဖွဲ့များကို ပြန်လည်ရုတ်သိမ်းသွားပါမယ်။

ဒီအဖွဲ့တွေ များလွန်းရင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များ၏ လုပ်ဆောင်မှုများကို များစွာအဟန့်အတားဖြစ်စေပါတယ်။ **ဒီနေရာမှာ ကျန်းမာရေးဝန်ကြီးဌာနကို အမြော်အမြင်ကြီးမားစွာ အကြံဉာဏ်ကောင်းတွေ ပိုမိုပေးသွားနိုင်ရန်အတွက် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍကိုလည်း ပြန်လည်ဆန်းစစ်ပြီးထည့်သွင်းစဉ်းစားပါမယ်။** လက်ရှိမှာ ဒီအဖွဲ့ဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အထွေထွေအတိုင်ပင်ခံအဖွဲ့အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

၄၈။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကျန်းမာရေးအဖွဲ့များနဲ့အတူ တိုင်းဒေသကြီး၊ပြည်နယ်နဲ့ မြို့နယ်ဆေးရုံတွေဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ခြေလက်တွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နည်းလမ်း အားလုံး အသုံးပြုပြီးတော့ **သူတို့ကိုကြွခိုင်ကောင်းမွန် ထက်မြက်လာအောင် ပံ့ပိုး** ဆောင်ရွက်ပေးပါမယ်။ ကျွန်တော်အနေနဲ့ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို ယုံကြည်မှုအပြည့်အဝ ရှိပါတယ်၊ သူတို့ စွမ်းရည်မြင့်မားပြီး လုပ်ဆောင်နိုင်စွမ်းရှိရင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ကို ခွန်အားအပြည့်အဝနဲ့ စွမ်းဆောင် ရည်မြင့်မားစွာ အလုပ်အကျွေးပြု နိုင်မှာဖြစ်ပါတယ်။ **သက်ဆိုင်ရာ တိုင်းဒေကြီးနဲ့ပြည်နယ် တွေမှာရှိတဲ့ ကျေးလက် ကျန်းမာရေးဌာနများ၊ မြို့နယ်ဒေသန္တရကျန်းမာရေးဌာနများနဲ့ မြို့နယ်ပြည်သူ့ဆေးရုံတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို သတ်မှတ်စံနှုန်းများချမှတ်ပြီး ကောင်းမွန်သန့်ရှင်းသော ယှဉ်ပြိုင်မှုနည်းစနစ်များဖေါ်ထုတ် ယှဉ်ပြိုင်စေပြီးကျန်းမာရေး ဝန်ထမ်းများရဲ့စွမ်းဆောင်ရည်ကို မြှင့်တင်ပေးဖို့လိုအပ်နေပါတယ်။**

အဲဒါကတော့ အလွန်ကျယ်ပြန့်တဲ့အတွက် ကျွန်တော်တို့သီးခြား ဆွေးနွေးဖို့ လိုအပ်ပါမယ်။ တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတွေနဲ့ တွေ့တဲ့အခါမှာလည်း ကျွန်တော့်ရဲ့အမြင်၊ ယူဆချက်နဲ့ စဉ်းစားထားတာတွေကို သီးခြားဆွေးနွေးသွားပါမယ်။ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနဲ့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဗဟို

အဆင့်အရာရှိတွေအနေနဲ့လည်း အသေးစိတ်ထပ်မံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ **မကြာသေးမီက သဘောတူခွင့်ပြုချက်ရပြီးဖြစ်တဲ့ ကျန်းမာရေးဝန်ကြီးဌာန ဖွဲ့စည်းပုံအသစ်ကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပြီး** ဖွဲ့စည်းပုံအသစ် အတွက်စဉ်းစား ဆုံးဖြတ်ရာမှာ ကန့်သတ်ချက်ရှိတဲ့လူအင်အားနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းသဘာဝ ကို ပြန်လည်လေ့လာဆန်းစစ် စဉ်းစားရမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့လုပ်ငန်း သဘာဝဟာ ကုန်ထုတ်လုပ်တဲ့ စက်ရုံတစ်ရုံနဲ့ မတူညီနိုင်ပါဘူး။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံနဲ့စနစ်ကို ပြောင်းလဲဖို့စဉ်းစားတဲ့အခါ အားသာချက်၊ အားနည်းချက်နဲ့ ရေတို စီမံကိန်းများ၊ ရေရှည်စီမံကိန်းများအပေါ် ဘယ်လိုသက်ရောက်မှုရှိနိုင်တာကို သေချာစွာ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

၄၉။ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူဆောင်ရွက်ရမယ့် ကျွန်တော့်ရဲ့သက်တမ်း ကာလတစ်လျှောက်မှာ ကျွန်တော့်အနေနဲ့ နယ်ပယ်သုံးခုကို အထူးအလေးထားဆောင်ရွက် သွားပါမယ်။ နံပတ်(၁)အနေနဲ့ <u>ခရိုင်နဲ့မြို့နယ်ပြည်သူ့ဆေးရုံများ၊ ပြည်သူ့ကျန်းမာရေးဦးစီး ဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနနဲ့ ဌာနခွဲတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အခြေခံ ကျန်းမာရေးဝန်ထမ်း</u>တွေကို သတ်မှတ်ထားတဲ့ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နဲ့ သူတို့ရဲ့ လူနေမှုဘဝသက်သာ ချောင်ချိရေးနဲ့ဖူလုံမှုရရှိစေရန် ဖြစ်ပါတယ်။ သူတို့ဟာ အမှန်တော့ ကျွန်တော်တို့ ကျန်းမာရေးစနစ်ရဲ့ ကျောရိုးပဲဖြစ်ပါတယ်။ အကယ်၍ သူတို့အနေနဲ့ လက်တွေ့ လုပ်နိုင်စွမ်းရှိပြီး ဌာနရဲ့အလုပ်တွေကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်ခဲ့ကြမယ် ဆိုရင်ကျွန်တော်တို့ ကျန်းမာရေးစနစ်ကြီးဟာ တောင့်တင်းခိုင်မာပြီး လုပ်ငန်းစွမ်းဆောင် နိုင်ရည်မြင့်မားကာ ပြည်သူလူထုကို အမှန်တကယ်ထိရောက်စွာ အကျိုးပြုနိုင်မှာ ဖြစ်ပါ တယ်။ နံပါတ်(၂)အနေနဲ့ လူ<u>ထုကျန်းမာရေးလုပ်သား</u>အစရှိတဲ့ ကျန်းမာရေးဆိုင်ရာစေတနာ့ ဝန်ထမ်းများရဲ့ ဆောင်ရွက်ချက်များနှင့် ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများနဲ့ ပူးတွဲ ဆောင်ရွက်မှုအခြေအနေများဟာ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ အရန် အင်အားအနေနဲ့ ပါဝင်နေတာဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းများနဲ့ ပိုမိုထိတွေ့လုပ်ဆောင်သွား

မှာဖြစ်ပါတယ်။ နံပါတ်(၃)အနေနဲ့ ဆေးကောင်စီ၊ တိုင်းရင်းဆေးကောင်စီ၊ သူနာပြုနှင့် သားဖွားကောင်စီများနှင့် အသင်းအဖွဲ့များဖြစ်ကြတဲ့ မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်းနဲ့ ကွန်ရက်အဖွဲ့အစည်းများ အထူးသဖြင့် ပြင်ပဆရာဝန်များအသင်းအဖွဲ့များရဲ့ ပါဝင်ဆောင်ရွက်ရမယ့် အခန်းကဏ္ဍများဟာ **ကျန်းမာရေးစနစ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အတူဆောင်ရွက်ရန် လိုအပ်တဲ့အတွက် သူတို့ရဲ့အရေးကြီးတဲ့ ပါဝင်ကူညီမှုကို ကျွန်တော်တို့အနေနဲ့ စနစ်တကျပဲ့ကိုင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

၅၀။ **နိုင်ငံရဲ့ ကျေးလက်ဒေသကျန်းမာရေးဖွံ့ဖြိုးမှုကဏ္ဍအမျိုးမျိုးမှာ နိုင်ငံတော်ရဲ့ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်ဆေးပညာရပ်ဆိုင်ရာဝန်ဆောင်မှုတွေကို တသားတည်း ကိုက်ညီဖို့ အလေးအနက်အထူးဂရုပြုရမှာ ဖြစ်ပါတယ်။** ဗဟိုအဆင့်ဌာနတွင်း ကြီးကြပ်ဆန်းစစ်ခြင်းနဲ့ နည်းပညာရပ်ဆိုင်ရာ ဆန်းစစ်ခြင်းအဖွဲ့ (Internal Review and Technical Assessment Unit)အနေနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်ကုသရေးဦးစီးဌာနမှူးတွေနဲ့ ညှိနှိုင်းပြီး အခြေအနေမှန်တွေကို စောင့်ကြည့်စုံစမ်းကာ လိုအပ်တဲ့လုပ်ဆောင်မှုတွေကို အဖြစ်နိုင်ဆုံး လက်တွေ့ကျကျ ဖြည့်ဆည်းဆောင်ရွက်သွားပါမယ်။ အီလက်ထရွန်းနစ်ဆက်သွယ်ရေးဆိုင်ရာ နည်းစနစ်များကို ဗဟိုနဲ့ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွေမှာ လိုအပ်တဲ့လုပ်ဆောင်မှုတွေကို ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးရပါမယ်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ လုပ်ဆောင်ရာ၌ ဒေသဆိုင်ရာအစိုးရအဖွဲ့နဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုရယူပြီး ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သွားလာရခက်ခဲတဲ့တောင်တန်းဒေသတွေမှာ ယာယီအားဖြင့် ရွေ့လျားဆေးကုသရေးအဖွဲ့ (mobile clinic) တွေကို ဖွဲ့စည်းဆောင်ရွက်ဖို့ ကျွန်တော်တို့စဉ်းစားရပါမယ်။ အသေးစိတ်မဟာဗျူဟာတွေကိုတော့ သက်ဆိုင်ရာဒေသဆိုင်ရာတာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီး ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၅၁။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်တွေရှိနေတဲ့အတွက် ပြင်ပဆရာဝန်များရဲ့ကဏ္ဍဟာ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရရှိဖို့ ပိုမိုလိုအပ်ကြောင်း ပေါ်လွင်ထင်ရှားလာပြီဖြစ်ပါတယ်။ ပြင်ပဆရာဝန်တွေဟာ ပြည်သူတစ်ရပ်လုံးနဲ့ နေ့စဉ်ထိတွေ့ရတဲ့ ရှေ့တန်းကပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် သူတို့တွေရဲ့ ပူးပေါင်းပါဝင်ပံ့ပိုးမှုကြောင့် ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပိုပြီး အထူးတိုးတက်လာနိုင်ပါတယ်။ ဒီကိစ္စတွေကို ပိုမိုအောင်မြင်ထိရောက်စေရန် **မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ငယ် (General Practitioners Society)နဲ့ပေါင်းပြီး လုပ်ကိုင်ဆောင်ရွက်ပါမယ်။** ကျွန်တော်တို့ရဲ့ ဝန်ထမ်းဆရာဝန် အချို့ကလည်း အထွေထွေနဲ့အထူးကုတာဝန်များကို ထမ်းဆောင်နေကြပေမယ့် ပြင်ပဆရာဝန်များအဖွဲ့အစည်းထဲမှာ အကျုံးဝင်နေကြပါတယ်။ ဒီအကြောင်းအရာနဲ့ဆက်စပ်ပြီး **မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း (private hospitals association)နဲ့ ကျွန်တော်တို့ ဆွေးနွေးကြရပါလိမ့်မယ်။** နယ်ပယ်အသီးသီးမှာလည်း အစိုးရ-ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု(Public Private Patnership)အဖြစ် တိုးမြှင့်ဆောင်ရွက်ပါမယ်။

၅၂။ အခြားအချက်အချာကျတဲ့ ကဏ္ဍတစ်ခုကတော့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးကဏ္ဍနှစ်ခုလုံးကိုလွှမ်းခြုံနိုင်တဲ့ တိကျပြီးအချိန်နှင့်တစ်ပြေးညီ ဖော်ဆောင်နိုင်တဲ့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာကွန်ပျူတာစနစ် (Human Resource for Health (HRH) computerized system) **ထူထောင်ရန်ဖြစ်ပါတယ်။** အကယ်၍အဲဒီစနစ်ကိုသာ တည်ထောင်နိုင်လာခဲ့မယ်ဆိုရင် ကျွန်တော်တို့ရဲ့ သင်ကြားရေးတက္ကသိုလ်တွေကနေပြီး ကျန်းမာရေးဆိုင်ရာကျွမ်းကျင်တတ်သိပညာရှင်တွေကို မွေးထုတ်နိုင်ဖို့ မှန်ကန်စွာအစီအစဉ်ရေးဆွဲဆောင်ရွက်နိုင်မှာဖြစ်ပြီး ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေ အင်အားပြုန်းတီးသွားတာကိုလည်း သိရှိနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ပြုန်းတီးမှုတွေ လျော့နည်းစေဖို့နဲ့ အစားထိုးပြန်လည်ဖြည့်ဆည်းနိုင်ဖို့ မဟာဗျူဟာတွေ ချမှတ်ဆောင်ရွက်သွားနိုင်ပါမယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးနည်းတူ မြန်မာနိုင်ငံဟာလည်း ကျန်းမာရေးဝန်ထမ်းများ

ပြည်တွင်းဦးနှောက်ယိုစီးမှုနဲ့ ပြည်ပဦးနှောက်ယိုစီးမှုပြဿနာကို ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာကွန်ပျူတာစနစ် (Human Resource for Health (HRH) computerized system)ရှိတဲ့အတွက် အကျိုးကျေးဇူးများစွာရနိုင်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အသေးစိတ်မပြောလိုတော့ပါဘူး။ ဖြေရှင်းနိုင်မယ့် အကောင်းဆုံးဖြစ်နိုင်ချေရှိတဲ့ နည်းလမ်းတွေရနိုင်ဘို့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ အစည်းအဝေးတွေ သီးခြားခေါ်ယူဆွေးနွေးသွားပါမယ်။

၅၃။ ယခုလာမယ့်ကာလမှာ ကျွန်တော်တို့ အထူးအာရုံစိုက်မယ့် အခြားနယ်ပယ်တွေကတော့ -

(က) ကျန်းမာရေးသတင်းစနစ်နှင့် ဆေးရုံများမှ သတင်းအချက်အလက်ကောက်ယူခြင်းစနစ်၊

(ခ) ကျန်းမာရေးပညာပေးခြင်းနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း၊

(ဂ) ကျောင်းကျန်းမာရေးစီမံချက်၊

(ဃ) ကျေးလက်ကျန်းမာရေးဌာနများ၊ မြို့နယ်ဆေးရုံနှင့် မြို့နယ်ကျန်းမာရေးဌာနများအား ဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်ခြင်း၊

(င) ကူးစက်တတ်ခြင်းမရှိသော ရောဂါများကာကွယ်ထိန်းချုပ်ရေးစီမံချက်၊

(စ) ဆေးရုံ၊ ဆေးခန်းများတွင် ဆေးဝါးနှင့် ဆေးပစ္စည်းများ ပြည့်စုံစွာရရှိစေရေးလုပ်ငန်းများ၊

(ဆ) ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေး စီမံခန့်ခွဲမှုစနစ်၊

(ဇ) တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆေးရုံများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊

(ဈ) သဘာဝဘေးအန္တရာယ်များအား တုန့်ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၊

(ည) ကုသရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ၊

(ဋ) ဆေးပညာသင်ကြားရေးဆိုင်ရာလုပ်ငန်းများ၊

(ဃ) နိုင်ငံတကာကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများပဲဖြစ်ပါတယ်။

အခြားနယ်ပယ်တွေကတော့ အရေးမကြီးပါဘူးလို့ ကျွန်တော်မပြောလိုပါဘူး။ ဒါပေမယ့် အခုပြောတဲ့ ထူးခြားတဲ့သီးသန့်နယ်ပယ်တွေကတော့ အလွန်မှ အခြေခံကျပြီးခြုံငုံမိတဲ့ သဘာဝရှိတာဖြစ်တဲ့အတွက် စီမံချက်နယ်ပယ်အားလုံးရဲ့ လုပ်ငန်းဆောင်ရွက်ချက် အကျိုးသက်ရောက်မှုကို ဖြစ်မြောက်အောင် ပံ့ပိုးကူညီပေးရုံသာမက ရေရှည်မှာ တိုင်းပြည်အတွက် ကောင်းကျိုးဖြစ်ထွန်းစေမယ့် အကျိုးသက်ရောက်မှု ရလဒ်ကောင်းတွေကို ရရှိစေမှာပဲဖြစ်ပါတယ်။ သာဓကအားဖြင့်ပြောရမယ်ဆိုရင် ကျန်းမာရေးသတင်းစနစ်ဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဗဟိုအာရုံကြောစနစ်နဲ့တူပါတယ်။ ကျန်းမာရေးသတင်းစနစ် ကောင်းမွန်ပါက ကျွန်တော်တို့အနေနဲ့ တိုင်းပြည်မှာ ကျန်းမာရေးနှင့်ပတ်သက်ပြီး ဘာတွေဖြစ်နေတယ်ဆိုတာ တိကျစွာသိရှိနိုင်တဲ့အတွက် အကျိုးသက်ရောက်မှုရှိတဲ့ တုန့်ပြန်မှုတွေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရောဂါဖြစ်ပွားမှုနှုန်းနဲ့သေဆုံးမှုနှုန်းများမှာ ဘယ်အဆင့်အထိမှန်ကန်သလဲ၊ လက်တွေ့အခြေအနေကိုထင်ဟပ်သလား ဆိုတာကို စဉ်းစားရမှာပါ။ ဒီစာရင်းဇယားတွေမမှန်ပါက ကျွန်တော်တို့ရဲ့ ကျန်းမာရေးစီမံကိန်းများ ရည်မှန်းချက်များချမှတ်ရာမှာ လုံးဝမှားသွားနိုင်ပါတယ်။ အလားတူစွာပဲဆေးရုံများ၏ သတင်းစနစ်လည်း အထူးအရေးကြီးပြီး အမြန်ဆုံးမြှင့်တင်ဖို့လိုနေပါတယ်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာကွန်ပျူတာစနစ် (Human Resource for Health (HRH) computerized system) ဟာလည်း ကျွန်တော်တို့ဆေးတက္ကသိုလ်နှင့်အခြားကျန်းမာရေးနှင့် သက်ဆိုင်သည့်တက္ကသိုလ်များမှာ အမျိုးမျိုးသော ဘွဲ့ရလူငယ်များမွေးထုတ်ရာမှာ မရှိမဖြစ်လိုအပ်တာဖြစ်ပြီး လွယ်ကူလျှင်မြန်သည့် စနစ်ဖြစ်အောင်ပြုလုပ်ရပါမယ်။ ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်မယ့် သက်တမ်းကာလအတွင်းမှာ **အဲဒီစနစ်တွေကို နေရာတကျဖြစ်စေရန်** ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

၅၄။ ကျွန်တော်တို့ရဲ့ <u>ကျန်းမာရေးပညာပေးလုပ်ငန်း</u>တွေဟာ ထိရောက်မှုရှိတဲ့အပြင် ရိုးရှင်းစိတ်ဝင်စားဖွယ်ကောင်းပြီး နိုင်ငံတစ်ဝန်းလုံးကို ပျံ့နှံ့စေနိုင်မယ်ဆိုရင် ကျွန်တော်တို့ပြည်သူတွေရဲ့ ကျန်းမာရေးဗဟုသုတ၊ အသိပညာ၊ ခံယူချက်နဲ့ အလေ့အကျင့်တွေကို

ထိထိရောက်ရောက် တဆင့်ပြီးတဆင့် တိုးတက်စေမှာဖြစ်ပါတယ်။ ကာယပညာသင်ကြား ရေးနဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ကျန်းမာရေးပညာပေးလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် မကူးစက် နိုင်တဲ့ရောဂါများနဲ့ ကူးစက်ရောဂါများဖြစ်ပွားမှုနှုန်းကို လျော့ကျစေပြီး ပြည်သူလူထုတစ်ရပ် လုံးရဲ့ ကျန်းမာရေးအဆင့်အတန်းကို သိသာထင်ရှားစွာ မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော် တို့အနေနဲ့ အဲဒီနယ်ပယ်သုံးခုလုံးကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းညှိနှိုင်းပြီး မြှင့်တင်မှာဖြစ်ပါတယ်။ **ကျွန်တော်တို့ဌာနရဲ့ လုပ်ငန်းခွင်တွေနှင့် ကျောင်းတွေမှာ အားကစား ခန်းမငယ် စတာတွေထားရှိခြင်းဖြင့် အားကစားနဲ့ကျန်းမာပညာပေးလုပ်ငန်းများကိုလည်း အထောက်အကူပြု တိုးတက်မှုရရှိစေနိုင်မှာဖြစ်ပါတယ်။** ရည်ရွယ်ချက်ကတော့ ၎င်းတို့မှ တစ်ဆင့်မိသားစုဝင်များ၊ ဆွေးမျိုးများထံသို့ အလေ့အကျင့်ကောင်းများတဖြည်းဖြည်း ပျံ့နှံ့ ရရှိစေဖို့ဖြစ်ပါတယ်။ ဒီလုပ်ငန်းဆောင်ရွက်ရန် ဘဏ္ဍာငွေရရှိရေးအတွက်လည်း နည်းမျိုးစုံ ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၅၅။ ကျွန်တော်တို့အနေနဲ့ ပြည်သူတစ်ရပ်လုံး ကျန်းမာရေးစောင့်ရှောက်မှု သာတူညီမျှ ရရှိစေရေးအတွက် ထိရှလွယ်တဲ့ လူအုပ်စုများ(ရွှေ့ပြောင်းသွားလာသူများ၊ ဒုက္ခသည်များ၊ အကျဉ်းသားများ)အား ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကြိုးပမ်းဆောင်ရွက်သွား ပါမယ်။ ကြီးမားတဲ့ဆောက်လုပ်ရေးလုပ်ငန်းခွင်များနဲ့ အကျဉ်းထောင်များဟာ နိုင်ငံတစ်ဝန်း နေရာအနှံ့အပြားမှာရှိနေတဲ့အတွက် လုပ်ငန်းခွင်ဆရာဝန်တွေနဲ့ အကျဉ်းထောင်ဆရာဝန် တွေ ရဲ့အကူအညီနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ကုသရေးဦးစီးဌာနအနေနဲ့ အဲဒီအုပ်စုတွေအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ တိုးမြှင့်ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းညှိနှိုင်း၍ နည်းဗျူဟာများ ဖော်ထုတ်ပြီး ဆောင်ရွက်သွားကြရပါမယ်။** အဲဒီအုပ်စုတွေရဲ့ ကျန်းမာရေး လိုအပ်ချက်များကို စီမံဖြည့်စွမ်းပေးနိုင်ဖို့အတွက် ပြင်ပအဖွဲ့အစည်းတွေက ထောက်ပံ့ကူညီ ပေးရန် အသင့်ရှိနေတယ်ဆိုတဲ့ သတင်းအချက်အလက်ကိုလည်း ကျွန်တော်အနေနဲ့ရရှိထား ပြီးဖြစ်ပါတယ်။

၅၆။ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေတဲ့လူနာတွေနဲ့ ပြုစုကုသစောင့်ရှောက်ပေးသူတွေ စတင်ထိတွေ့တဲ့နေရာ (point of contact) တွေကတော့ ကျေးလက်ကျန်းမာရေးဌာနများ၊ မြို့နယ်ဒေသန္တရ ကျန်းမာရေးဌာနများနဲ့ မြို့နယ်ဆေးရုံများပဲဖြစ်ကြပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ ကျေးလက်နေပြည်သူတွေကို အရည်အသွေးပြည့်မီပြီး ကျေနပ်အားရစေမယ့် ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနိုင်ဖို့အတွက် point of contact **ဖြစ်ကြတဲ့ အဲဒီကျန်းမာရေးဌာနတွေကို အင်အားဖြည့်တင်းပေးမှာဖြစ်ပါတယ်။** အဲဒီလိုဆောင်ရွက်ပေးခြင်းဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဆေးရုံတွေရဲ့ လုပ်ငန်းပမာဏကိုလည်း လျော့နည်းမှာဖြစ်ပါတယ်။ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများက အဆိုပါလုပ်ငန်းများ လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရန် နည်းဗျူဟာချမှတ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

၅၇။ **ကျွန်တော်တို့အနေနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုတွေကို စနစ်တကျထိထိရောက်ရောက် ဖြစ်အောင်ကွပ်ကဲသွားပါမယ်။** အဲဒီလုပ်ငန်းစဉ်ကိုအစပျိုးဖို့ လက်တွေ့ကျတဲ့မူဘောင်တစ်ခုကိုလည်း ကျွန်တော်စဉ်းစားရေးဆွဲပြီးဖြစ်ပါတယ်။ **အဲဒီအရေးကြီးကိစ္စတွေ လွယ်ကူချောမွေ့စေဖို့အတွက် ဦးစားပေးကိစ္စအဖြစ်ဆောင်ရွက်ရန် နိုင်ငံခြားဆက်သွယ်ရေးဌာနခွဲကို ကျွန်တော်တို့ အားဖြည့်ဖွဲ့စည်း ဆောင်ရွက်ပေးပါမယ်ဆိုတာကို ထပ်လောင်းပြောလိုပါတယ်။** ဒါ့အပြင် နိုင်ငံတကာကိုရောက်ရှိနေတဲ့ မြန်မာဆရာဝန်များကလည်း မိမိတို့နိုင်ငံအတွက် လိုအပ်တဲ့နေရာများမှာ တစ်ထောင့်တစ်နေရာကနေ ကူညီပံ့ပိုးဆောင်ရွက်ပေးဖို့လိုလားလျက်ရှိပါတယ်။ သူတို့ဟာ မြန်မာနိုင်ငံသို့ အလည်အပတ်လာတဲ့အခါ ကျွန်တော်တို့ရဲ့အမိမြေအတွက် အမျိုးမျိုးသောဝန်ဆောင်မှုတွေကို လိုလိုလားလား ပြန်လည်ကူညီထောက်ပံ့ပေးဆပ်ချင်တဲ့ ဆန္ဒရှိတယ်ဆိုတာသိရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုထိတွေ့ထုတ်ယူနိုင်ခြင်းမရှိသေးတဲ့အရင်းအမြစ် (untapped resource)တွေကို စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကျွန်တော်ရဲ့ အကြီးတန်းစီမံခန့်ခွဲမှုအဖွဲ့၊ သက်ဆိုင်ရာဆေးကုသမှု ဘာသာရပ်

အသီးသီးမှ ဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် တွဲဖက်အဖွဲ့ငယ်များနှင့် ညှိနှိုင်းပြီး အတူလက်တွဲ လုပ်ကိုင်သွားမှာဖြစ်ပါတယ်။

၅၈။ အထူးအလေးထားအာရုံပြုရမယ့် အခြားနယ်ပယ်တစ်ခုကတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ဆောင်ရွက်နေတဲ့ အစည်းအဝေးများ၊ ဝန်ထမ်းများစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲတွေဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အမြန်ဆုံးပြန်လည်ဆန်းစစ်ပြီး အနာဂတ်အတွက် တိုးတက်စေဖို့ မွမ်းမံဆောင်ရွက်ပါမယ်။ ကျွန်တော့်အနေနဲ့ အခြေအနေကို **ဒီထက်ပိုမိုတိုးတက်ကောင်းမွန်စေဖို့ လက်တွေ့ကျတဲ့မူဘောင်ကို တီထွင်ရေးဆွဲထားပြီးဖြစ်ပါတယ်။**

၅၉။ တဆက်တည်း သုတေသန၏အခန်းကဏ္ဍ တစ်နည်းအားဖြင့် ဆေးသုတေသနဦးစီးဌာနဟာဆိုရင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရန် အထောက်အကူပြုရာ၌ အရေးပါတဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ငန်းစီမံချက်များမှာ **လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာသုတေသန** (implementation research)တွေကို တွဲဖက်လုပ်ကိုင်ဆောင်ရွက်သွားနိုင်ဖို့ **စီစဉ်ဆောင်ရွက်သွားမှာ** ဖြစ်ပါတယ်။ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာသုတေသန (implementation research) **တွေက တွေ့ရှိချက်တွေကို လုပ်ငန်းစီမံချက်များရဲ့အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနဲ့ကျွမ်းကျင်မှုဆိုင်ရာကဏ္ဍများမှာ အသုံးချသွားပါမယ်။** သုတေသနတွေ့ရှိချက်များနဲ့ ကျွန်တော်တို့ရဲ့ ဆန်းစစ်တွေ့ရှိချက်များပေါင်းစပ်ပြီး ပြည်သူလူထုကို ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မလိုလားအပ်သောလုပ်ငန်းစီမံချက်တွေကို လျှော့ချဖို့၊ ဖျက်သိမ်းဖို့ နောက်မတွန့်သင့်ပါဘူး။

၆၀။ ဆေးသုတေသနဦးစီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အခြားဦးစီးဌာနများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဌာနအသီးသီးကတာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့ နောက်အပတ်ထဲမှာ သီးခြားတွေ့ကြတဲ့အခါ ညှိနှိုင်းသွားမှာဖြစ်ပါတယ်။ ဆေးသုတေသနဦးစီးဌာနဟာ အရှိန်အဟုန်ဖြင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် ပြောင်း

လဲသင့်သည့် ကိစ္စရပ်များကို လိုအပ်လျှင်လိုအပ်သလို ပြောင်းလဲခြင်းဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် စီမံချက်များ၏ လုပ်ငန်းများကို ပိုမိုထိရောက်စေနိုင်ပါတယ်။ ဒီလိုဖြစ်စေဖို့ ကျွန်တော်တို့ဟာ သမားရိုးကျစဉ်းစားပုံစဉ်းစားနည်းကို မသုံးပဲ အတွေးအမြင်သစ် စဉ်းစားပုံစဉ်းစားနည်းကိုအသုံးပြုပြီး တတ်နိုင်သမျှ ကြိုးနီစနစ်ကိုနည်းနိုင်သမျှနည်းအောင် ပြုလုပ်ရပါမယ်။ ဒီလိုပြုလုပ်ရခြင်းမှာ သုတေသနလုပ်ငန်းဟာ အလွန်ကျယ်ပြန့်နက်နဲမြင့်မားသည့် လုပ်ငန်းတစ်ခုဖြစ်ခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ သုတေသနပညာရှင်တွေမှာ ထူးခြားဆန်းသစ်ပြီး ရဲရင့်တဲ့စိတ်ကူးတွေရှိကြပါတယ်။ ဒါတွေကို ချုပ်ကိုင်မှုတွေနဲ့ ထိန်းချုပ်ထားမယ်ဆိုရင် ဒီစိတ်ကူးတွေကို အကောင်အထည်ဖော်နိုင်တော့မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ အဲဒီလိုချုပ်ကိုင်မှုများ လုံးဝမရှိရလေအောင် တတ်နိုင်သမျှ ကြိုးစားသွားမှာဖြစ်ပါတယ်။ သုတေသနနယ်ပယ်ရဲ့ တိုးတက်မှုအနေအထားဟာ တိုင်းပြည်တိုးတက်မှုအနေအထားကို တူညီစွာဖော်ပြနေတာဖြစ်ပါတယ်။

**ဆေးသုတေသနဦးစီးဌာနဟာ ဆေးပညာရှင်ပါမောက္ခများနဲ့ လက်တွဲ ပူးပေါင်းပြီး ဆေးတက္ကသိုလ်များနဲ့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အခြားတက္ကသိုလ်များမှာ သုတေသနလုပ်ငန်းများကို ယဉ်ကျေးမှုတစ်ရပ်ကဲ့သို့ အမြစ်တွယ်လာသည်အထိ ပံ့ပိုးကူညီဆောင်ရွက်ဖို့လိုပါတယ်။** တက္ကသိုလ်တွေမှာ ဆေးကုသမှုဆိုင်ရာသုတေသနများအပါအဝင် သုတေသနကို စိတ်ပါဝင်စားတဲ့ဆရာ၊ ဆရာမများရှိကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆေးကုသမှုဆိုင်ရာသုတေသနများကို အထူးကုဆေးရုံကြီးများ၊ တိုင်းဒေသကြီးနဲ့ပြည်နယ် ဆေးရုံကြီးများတွင် ဆောင်ရွက်နိုင်ရန် ဆက်လက်ချဲ့ထွင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်ဟာ (၂၀၁၁) ခုနှစ်၊ နိုဝင်ဘာလကတည်းက ဆေးသုတေသနဦးစီးဌာနရဲ့ လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာကျင့်ဝတ်ကော်မတီ ဥက္ကဋ္ဌအဖြစ် ပါဝင်ခဲ့ပြီး အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးမှာ (၁၉၉၄)ခုနှစ်မှ (၂၀၀၀)ပြည့်နှစ်အထိ (၆)နှစ်တာ ဒေသဆိုင်ရာ ဆေးသုတေသနအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် သုတေသနပညာရှင်များကို လက်ဆင့်ကမ်းရမယ့် အတွေ့အကြုံတွေ များစွာရှိပါတယ်။

ဆေးသုတေသနဌာနရဲ့ လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာကျင့်ဝတ်ကော်မတီဟာ (၂၀၁၁)နိုဝင်ဘာလကတည်းက သုတေသနစာတမ်းပေါင်း (၃၁၀)စောင်နဲ့ အထက်ကို စိစစ်အတည်ပြုခဲ့ပါတယ်။ အဲဒီစာတမ်းတွေမှာ အမေရိကန်၊ ဩစတြေးလျ၊ အင်္ဂလန်၊ ဂျပန်၊ နယူးဇီလန်နှင့် ကိုရီးယားစသည့်နိုင်ငံများမှ ထင်ရှားသော တက္ကသိုလ်တွေ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများမှ မဟာဘွဲ့၊ ပါရဂူဘွဲ့စာတမ်းများနဲ့ နိုင်ငံတွင်းက ပညာရှင်များမှတင်ပြတဲ့ စာတမ်းများပါဝင်ပါတယ်။ သုတေသနခေါင်းစဉ်များဟာ ကျန်းမာရေးနယ်ပယ်ကြီးရဲ့ ရှုထောင့်ပေါင်းစုံကို ခြုံငုံမိကြောင်းတွေ့ရပါတယ်။ ကျွန်တော်တို့ဟာ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ခံတက္ကသိုလ်တွေမှာရှိတဲ့ **လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာကျင့်ဝတ်ကော်မတီတွေကို အဆင့်မြှင့်တင်သွားမှာဖြစ်ပြီး ကော်မတီအဖွဲ့ဝင်တွေရဲ့ အရည်အသွေးကို စနစ်တကျမြှင့်တင်သွားမှာဖြစ်ပါတယ်။ သုတေသနလုပ်ငန်းများရဲ့ အရည်အသွေးကိုမြှင့်တင်ပြီး နိုင်ငံတကာသုတေသန ဂျာနယ်များတွင် ထည့်သွင်းဖော်ပြခြင်းခံရစေရန် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။** ဆေးသုတေသနဦးစီးဌာနအတွက် ခွဲဝေပေးတဲ့ နိုင်ငံတော်ဘဏ္ဍာငွေကိုလည်း တိုးမြှင့်သွားမှာ ဖြစ်ပါတယ်။ ဆေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတွေနဲ့ မကြာခင်တွေ့ဆုံတဲ့အခါမှာလည်း ကျွန်တော်တို့နိုင်ငံရဲ့ သုတေသနနယ်ပယ်ကိုမြှင့်တင်ဖို့ အသေးစိတ်ဆွေးနွေးမှာပါ။

၆၁။ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနရဲ့အခန်းကဏ္ဍကို မျက်ကွယ်ပြုလို့ မဖြစ်ပါဘူး။ ဌာနအနေနဲ့ မြန်မာနိုင်ငံဆရာဝန်အသင်းနဲ့ နီးကပ်စွာပူးပေါင်းဆောင်ရွက်ပြီး နယ်ပယ်အသီးသီးမှ ကျန်းမာရေးပညာရှင်များရဲ့လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ဆောင်ရွက်သွားရပါမယ်။ ဒီဦးစီးဌာနရဲ့ ပထမဆုံးလုပ်ငန်းအနေနဲ့ နိုင်ငံမှာရှိတဲ့ အစိုးရနဲ့ပုဂ္ဂလိက အခန်းကဏ္ဍနှစ်ခုလုံးရဲ့ ကျန်းမာရေးဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်အခြေအနေကို အသေးစိတ်ပြန်လည်စီစစ်မှုနဲ့ ဆန်းစစ်မှုတွေလုပ်သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်အရေးကြီးကိစ္စအနေနဲ့ တိတိကျကျ ထောက်ပြရရင် **အခြေခံကျန်းမာရေးတက္ကသိုလ်နဲ့ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်တို့ရဲ့ အရည်အသွေး**

အဆင့်မြှင့်တင်ဖို့ဖြစ်ပါတယ်။ အထူးသဖြင့် ခေတ်နှင့်လျော်ညီသော သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုနည်းလမ်းများ၊ သင်ထောက်ကူပစ္စည်းထောက်ပံ့မှုစနစ်၊ စာကြည့်တိုက်စနစ်၊ သက်ဆိုင်ရာပြင်ပဆရာများ ရွေးချယ်ခြင်း၊ ဆရာများနှင့် ကျောင်းသားများအတွက် သင်တန်းခန်းမများအဆင့်မြှင့်ရန် စီစဉ်ပေးခြင်း စသည်တို့ဖြစ်ပါတယ်။

မကြာခင်အတောအတွင်း ဂုဏ်ထူးဆောင်ပါမောက္ခများနှင့် သက်ဆိုင်ရာပါမောက္ခများ အသေးစိတ်အပြန်အလှန်ဆွေးနွေးပြီး အရည်အသွေးပြည့်မီပြီး ကျင့်ဝတ်တရားများနှင့်ပြည့်စုံသော ကျွမ်းကျင်မှုပြည့်ဝသည့် ဘွဲ့ရလူငယ်များဖြစ်စေရန် မွေးထုတ်ပါမယ်။ ထိုနည်းတူပဲ မကြာသေးခင်က ကျင်းပသွားတဲ့ (၁၀)ကြိမ်မြောက် ဆေးပညာသင်ကြားရေးဆိုင်ရာဆွေးနွေးပွဲမှ အကြံပြုချက်တွေကို သူနာပြု၊ သားဖွား၊ ဆေးဘက်ဆိုင်ရာနည်းပညာအပါအဝင် ဆေးပညာရပ်အသီးသီးဖွံ့ဖြိုးမှုအတွက် အသုံးပြုဆောင်ရွက်သွားမှာပါ။

ဒီဘွဲ့ရပညာတတ်တွေက ကျွန်တော်တို့ရဲ့ တစ်နိုင်ငံလုံးကျန်းမာရေးစောင့်ရှောက်မှုစနစ်ရဲ့ ကျောရိုးသဖွယ်ဖြစ်ပါတယ်။ ဒီအင်အားတွေကိုအားပြုပြီး ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ ပြည်သူ့ကျန်းမာရေးနဲ့ ကုသရေးနယ်ပယ်မှာ ထိထိရောက်ရောက်တိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။

**ကျွန်တော်တို့ရဲ့ ဆေးပညာသင်ကြားမှုစနစ် ဟာ ကျွန်တော်တို့ကျောင်းသားဘဝ၊ ဒီမှာထိုင်နေတဲ့ညွှန်ကြားရေးမှူးချုပ်ကြီးတွေရဲ့ ဆေးကျောင်းသားဘဝတွေတုန်းက ရှိခဲ့တဲ့ သင်ကြားမှုအဆင့်အတန်းကို တစ်ဖန်ပြန်လည်ရရှိရမယ်လို့ ကျွန်တော်အလေးအနက်ကတိပြုချင်ပါတယ်။** ကျွန်တော်ဟာ (၁၉၆၉)နဲ့ (၁၉၇၉)ခုနှစ်တွေမှာ ဆေးတက္ကသိုလ်(၁)ရဲ့ ဌာန(၂)ခုမှာ သရုပ်ပြဆရာအနေနဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် ဆေးပညာသင်ကြားမှုအဆင့်မြှင့်တင်ရေးမှာ အထူးစိတ်ဝင်စားပါတယ်။

၆၂။ ကျန်းမာရေးဝန်ကြီးဌာနဟာ ဆေးသိပ္ပံပညာသင်ကြားမှုဌာန (Medical Education Unit)ကနေတစ်ဆင့် ဒီပူးပေါင်းဆွေးနွေးမှုတွေကရလာတဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ဘက်ပေါင်းစုံကနေ ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ **ဆေးသိပ္ပံပညာ**

**သင်ကြားမှုဌာနကိုလည်း အထူးအလေးပေး အဆင့်မြှင့်တင်ပြီး ကူညီထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။** ဆေးသိပ္ပံပညာသင်ကြားရေး အဆင့်မြှင့်တင်ခြင်းနှင့် ဆေးပညာသင်ကြားရေး စနစ်အား အစဉ်တစိုက် အမြဲမပြတ်စောင့်ကြပ် ဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီဆေးပညာသိပ္ပံသင်ကြားမှုဌာနရဲ့အခန်းကဏ္ဍဟာ အထူးအရေးကြီးပါတယ်။ ဒါကြောင့်ဆေးသိပ္ပံ ပညာသင်ကြားမှုဌာနဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားရန် ဆောင်ရွက်သွားပါမယ်။ **ကျွန်တော်တို့ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က)တွင် သင်ကြားတဲ့ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဘာသာရပ်ရဲ့ သင်ရိုးညွှန်းတမ်းကို အထူး ပြန်လည်ဆန်းစစ် ပြင်ဆင်သွားပါမယ်။** ကျွန်တော်အနေနဲ့ သက်ဆိုင်ရာပါမောက္ခကြီးတွေ၊ အကြီးတန်းပြည်သူ့ ကျန်းမာရေးပညာရှင်တွေနဲ့ ဆေးပညာပါမောက္ခတွေကို ဒီလုပ်ငန်း အောင်မြင်အောင် လက်တွေ့ကျတဲ့ နည်းလမ်းနဲ့ဦးဆောင်သွားစေချင်ပါတယ်။ အောင်မြင်မှု အတွက် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါတယ်။ သုံးပွင့်ဆိုင်ဆိုတာ ပြည်သူ့ ကျန်းမာရေးပညာရှင်များ ဆေးကုသမှုဆိုင်ရာပညာရှင်များနှင့် ဆေးပညာသင်ကြားရေး ဆိုင်ရာပညာရှင်များ ပူးပေါင်းပါဝင်မှုကို ဆိုလိုပါတယ်။

၆၃။ လက်ရှိအခြေအနေအရ နောက်ထပ်ဦးစားပေးလုပ်ငန်းက ကျန်းမာရေးဝန်ကြီးဌာနရဲ့ တက္ကသိုလ်တွေအားလုံးမှာရှိတဲ့ ကျောင်းသားတွေကို ပထမနှစ်မှာကတည်းက ဆေးပညာ ကျင့်ဝတ်နဲ့ အထွေထွေကျင့်ဝတ်ကို သင်ကြားပေးဖို့ဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နဲ့ အခြေခံကျန်းမာရေးတက္ကသိုလ်အတွက်တော့ ပြည်သူ့ကျန်းမာရေးကျင့်ဝတ်ကိုပါ သင်ကြားသွားမှာဖြစ်ပါတယ်။ ဒီဘာသာရပ်အတွက် တာဝန်ရှိသူတွေကတော့ ဘာသာရပ် ဆိုင်ရာပါမောက္ခတွေနဲ့ ကုသရေးပါမောက္ခတွေ ဖြစ်သင့်ပါတယ်။ ဆေးပညာဆိုင်ရာကျင့်ဝတ် တွေကို သင်ကြားရခြင်းကတော့ ဆေးပညာရှင်များအကြား ချမှတ်ထားတဲ့ ကျင့်ဝတ်ဥပဒေ များကို လိုက်နာအောင် တွန်းအားပေးရာရောက်မှာ ဖြစ်ပါတယ်။ **ဒီလုပ်ငန်းစဉ် အမြန်ဆုံး စနိုင်ဖို့ ပိုမိုကောင်းမွန်ပြီး လက်တွေ့အသုံးချနိုင်တဲ့ လမ်းစဉ်တစ်ခုကို ကျွန်တော်တို့ ရေးဆွဲသွားမှာဖြစ်ပါတယ်။** ကျွန်တော်တို့ရဲ့ ကျန်းမာရေးလောကအတွက် ရေရှည်မှာ အလွန်ကြီးမား

တဲ့ အကျိုးကျေးဇူးရလာမှာဖြစ်ပြီး ဒီအကျိုးကျေးဇူးဟာ ကျွန်တော်တို့ပြည်သူလူထုအထိပါ ရောက်သွားမှာ ဖြစ်ပါတယ်။

၆၄။ ကျွန်တော်တို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်စပ် လွှမ်းခြုံထားတဲ့ မူဘောင်ဟာ ကျန်းမာရေးလုပ်သားအင်အား မဟာဗျူဟာစီမံချက် (Health Workforce Strategic Plan) (2012-2016) ဖြစ်ပါတယ်။ ဒီစီမံကိန်းပါ အချက်များကို အသေးစိတ်ဆန်းစစ်ပြီး လိုအပ်သလိုအမြန်ဆုံး ဆောင်ရွက်သွားမှာပါ။

၆၅။ အစားအသောက်နှင့် ဆေးဝါးအရည်အသွေး စစ်ဆေးကွပ်ကဲရေးနယ်ပယ်ကတော့ ဒီအခန်းထဲမှာရှိနေကြတဲ့ ကျွန်တော်တို့အားလုံးနဲ့ ကျွန်တော်တို့မိသားစုတွေအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အလွန့်အလွန်မှကိုအရေးကြီးပါတယ်။ အဲဒီဦးစီးဌာနရဲ့ လုပ်ငန်း ဆောင်ရွက်မှုတွေမှာ လျော့ရဲမှုတစ်စုံတစ်ခုရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့ မြန်မာပြည်သူလူထု တစ်ရပ်လုံးကို ရေတိုနဲ့ရေရှည် ကာလတွေမှာ မလိုလားအပ်သောဆိုးကျိုးဂယက်ရိုက်မှုတွေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ အဲဒီဦးစီးဌာနရဲ့ လုပ်ငန်းတွေကို အရည်အသွေးပြည့်ဝတဲ့နည်း လမ်းတွေနဲ့ တိုးချဲ့ဆောင်ရွက်နိုင်ဖို့အတွက် ဘဏ္ဍာငွေခွဲဝေမှုကို တိုးမြှင့်ပေးရန် စဉ်းစားဆုံး ဖြတ်ပေးပါမယ်။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဟာ တစ်ချိန်ကျရင် ဦးစီး ဌာနအဆင့်ထက်မြင့်တဲ့ လွတ်လပ်တဲ့အဖွဲ့အစည်းတစ်ခုဖြစ်လာ လိမ့်မယ်လို့ ကျွန်တော်မျှော် လင့်ပါတယ်။

ပြည်သူလူထုတစ်ရပ်လုံးကလည်း မသမာတဲ့ရောနှောခြင်းတွေ ကင်းစင်သော အန္တ ရာယ်ရှိပြီး ဓါတုအဆိပ်တွေကင်းစင်သော ပိုးသတ်ဆေးတွေကင်းစင်သော အစားအစာများ၊ သန့်ရှင်းသော သောက်ရေများ၊ လုံခြုံစိတ်ချရတဲ့ အလှပြင်ပစ္စည်းများစသည်တို့ကို ရရှိသုံးစွဲ လာနိုင်မယ်ဆိုတာကို ယုံကြည်လာမှာဖြစ်ပါတယ်။ အလားတူပဲ ဆေးသုတေသနဦးစီးဌာန ဟာလည်း သီးခြားအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်သင့်ပါတယ်။ ဒါမှလည်း ဗျူရိုကရေစီ ကြိုးနီစနစ်လုပ်ငန်းစဉ် (bureaucratic procedures)တွေကို စတင်လျှော့ချလာနိုင်ပါလိမ့် မယ်။ ဒီနေရာမှာ ကျွန်တော်အထူးပြုပြီးပြောလိုတဲ့ ယေဘုယျအချက်တစ်ခုကတော့ အစား

အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ လုပ်ငန်းအများစုဟာ ပြည်သူ့ကျန်းမာရေး၊ ကုသရေးနှင့် ဆေးသုတေသနဦးစီးဌာနတွေဆီကနေပြီး အသုံးဝင်တဲ့အချက်အလက်တွေနဲ့ ကောင်းမွန်တဲ့ နည်းပညာပံ့ပိုးမှုတွေ ရရှိနိုင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်တွေ့ကျတဲ့ မူဘောင်တစ်ခုတည်ဆောက်ပြီး ဌာနများပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကတော့ ဒေသအလိုက် စောင့်ကြပ်ကြည့်ရှုခြင်း (sentinel surveillance)၊ အရည်အသွေးထိန်းချုပ်ခြင်း (quality control)၊ ဘေးကင်းလုံခြုံမှုဆိုင်ရာသတိပေးခြင်း (safety alerts)၊ ဆေးနှင့်ဆေးပစ္စည်းများကို သုံးသပ်လေ့လာခြင်း (evaluation of medical products)နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များကို သုံးသပ်လေ့လာခြင်း၊ ဈေးကွက်အတွင်း ထောက်လှမ်းစစ်ဆေးခြင်း (safety issues, post marketing surveillance) စတာတွေဖြစ်ပါတယ်။ ပြည်သူလူထုအကြား အစားအသောက်နဲ့ဆေးဝါးအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ကျောင်းကျန်းမာရေးစီမံကိန်းတို့နှင့်ပူးပေါင်းပြီး ပိုမိုအားဖြည့်ချဲ့ထွင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီဌာနကနေပြီးတော့ ပြည်သူလူထုကို နိုးနိုးကြားကြားသတိရှိအောင် တပ်လှန့်နိုးဆော်ထားနိုင်ဖို့ အရေးကြီးတဲ့ သတင်းအချက်အလက်တွေကို အသိပေးရှင်းပြရန်နဲ့ သတင်းဖြန့်ဖြူးရန်အတွက် သတင်းအချက်အလက်တွေကို ပုံမှန်ထုတ်ပြန်သွားနိုင်ဖို့ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားရပါမယ်။

ပြည်သူလူထုကို အသိပေးရှင်းလင်းခြင်းတွေကိုလည်း အရှိန်အဟုန်နဲ့ တိုးမြှင့်ဆောင်ရွက်သွားရပါမယ်။ အခြားဝန်ကြီးဌာနများနဲ့လည်း အကျိုးသက်ရောက်မှုရှိတဲ့ ပူးပေါင်းဆောင်ရွက်မှု အများကြီးကိုလည်း ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ပူးပေါင်းဆောင်ရွက်မှုတွေကို အဆင်ပြေချောမွေ့စေရန်အတွက် လမ်းညွှန်ချက်တွေကို ကျွန်တော်တို့စဉ်းစားထားရပါမယ်။ အဲ့ဒီလမ်းညွှန်ချက်တွေအတိုင်း ဆောင်ရွက်မှသာ ပြဿနာတွေလျော့နည်းပြီး ကျွန်တော်တို့ရဲ့ အလုပ်တွေမှာလည်း ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်စွမ်း ရှိလာပါမယ်။ ကျန်းမာရေးဝန်ကြီးဌာနမှာရှိတဲ့ အခြားဦးစီးဌာနတွေနဲ့ နှိုင်းစာရင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဟာ ဦးစီးဌာန အသစ်ဖြစ်နေ

ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ အခြေခိုင်နေပြီးဖြစ်တဲ့ လမ်းညွှန်ချက်တွေကို ကိုးကားဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လမ်းညွှန်ချက်တစ်ခုလုံးကို ပုံတူတုပပြီး ဆောင်ရွက်ရန်မဟုတ်ဘဲ ကျွန်တော်တို့လိုအပ်ချက်နဲ့ လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းဆောင်ရွက်သွားရပါမယ်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို တိုးမြှင့်နိုင်ရန်အတွက် ကျွန်တော်တို့လုပ်ရမယ့် အခန်းကဏ္ဍကတော့ ကြီးကြပ်လမ်းညွှန်မှုတွေ အသစ်တီထွင်ပြီး အမြဲပြုပြင်မွမ်းမံသွားရမှာဖြစ်ပါတယ်။ ခေတ်နဲ့အညီ ကွန်ပျူတာသုံး ညွှန်ကြားချက်၊ ကြီးကြပ်ကွပ်ကဲပုံစံတွေလည်း လိုအပ်ပါလိမ့်မယ်။ ဒီဦးစီးဌာနနဲ့ဆိုင်တဲ့ အသေးစိတ်နည်းပညာဆိုင်ရာလုပ်ငန်းတွေကိုတော့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းတွေနဲ့တွေ့ဆုံတဲ့အခါသီးခြားဆွေးနွေးပြီး ပံ့ပိုးပေးသွားပါမယ်။

၆၆။ ကျွန်တော်တို့ရဲ့ တိုင်းရင်းဆေးနယ်ပယ်ကိုလည်း ပိုမိုထောက်ပံ့မှုပေးပြီး အဆင့်မြှင့်တင်သွားပါမယ်။ ဒီနေရာမှာ တိုင်းရင်းဆေးဝါးတွေကို ပြည်သူတွေစိတ်ချ ဘေးကင်းစွာ သုံးစွဲနိုင်ဖို့အတွက် သုတေသနရဲ့အခန်းကဏ္ဍဟာ အလွန်အရေးပါလာပါတယ်။ ကျွန်တော့်အနေနဲ့ ဆေးသုတေသနဦးစီးဌာနရဲ့ သက်ဆိုင်ရာဌာနတွေကိုလည်း ဒါကိုအကူအညီပေးရန် တောင်းဆိုချင်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ သုတေသနဌာနကိုလည်း အဆင့်မြှင့်တင်သွားပါမယ်။ ဒါမှသာ တိုင်းရင်းဆေးနယ်ပယ် ဆေးပညာဆိုင်ရာလေ့လာမှုတွေ အများကြီးလုပ်နိုင်ပြီး တိုင်းရင်းဆေးပညာတိုးတက်နိုင်မှာပါ။ အထူးသဖြင့် တိုင်းရင်းဆေးဝါးတွေနဲ့ပတ်သက်တဲ့ အခြေခံသုတေသနနဲ့ ဆေးကုသမှုဆိုင်ရာသုတေသနတွေ ဆောင်ရွက်ဖို့ ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။

သုတေသနမပါရှိရင် တိုင်းရင်းဆေးပညာလောကဟာ ဘယ်လိုမှဖွံ့ဖြိုး တိုးတက်လာနိုင်မှာ မဟုတ်ပါဘူး။ ဒီဌာနဟာ တိုင်းရင်းဆေးနယ်ပယ်အလွန်ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုကို မြှင့်တင်ဖို့ လိုမှာလည်းဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေမှာသုံးကြတဲ့ ဖြည့်စွက်ဆေးဝါး အများအပြားဟာ သဘာဝတိုင်းရင်းဆေးတွေကို အခြေခံ

ထားတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့လေးစားရတဲ့ တိုင်းရင်းဆေးဆရာကြီးတွေရဲ့ အကြံဉာဏ်ကို ရယူဖို့လိုပါမယ်။ ဒီဆရာကြီးတွေရဲ့ တန်ဖိုးရှိ လှတဲ့ အကြံဉာဏ်တွေကို ရမယ့် လက်တွေ့ကျတဲ့ ပုံမှန်ယန္တရားတစ်ခုကိုလည်း ထူထောင်မြှင့်တင်သွားရပါမယ်။

တိုင်းရင်းဆေးဆိုင်ရာ အချက်အလက်တွေကို သင့်တော်အောင် သိမ်းဆည်းမှတ်သားခြင်းဟာလည်း ဒီနေရာမှာ အလွန်အရေးကြီးပါတယ်။ ဒီကိစ္စကိုလည်း ဦးစီးဌာနအနေနဲ့ စတင်ဆောင်ရွက်နေပြီလို့လည်း ကျွန်တော်ထင်ပါတယ်။ ဒီနေရာမှာ တိုင်းရင်းဆေးတက္ကသိုလ်တွေ၊ တိုင်းရင်းဆေးဆရာများအသင်းနဲ့ တိုင်းရင်းဆေးရုံတွေရဲ့ အခန်းကဏ္ဍဟာ မရှိမဖြစ်ပါပဲ။ လာမယ့်ရက်တွေမှာ လမ်းပြမြေပုံအတွက် ဒီဌာနက ဆရာတွေနဲ့ ကျွန်တော်တို့ အသေးစိတ်ဆွေးနွေးပါဦးမယ်။

၆၇။ နောက်ဆရာတို့ထည့်စဉ်းစားရမယ့်ကိစ္စက အစည်းအဝေးကျင်းပတဲ့အရေအတွက်ကို လျှော့ချနိုင်အောင် ကြိုးစားဖို့ပါပဲ။ အစည်းအဝေးတွေတက်ရင်းဆရာတို့ တန်ဖိုးရှိတဲ့ အချိန်တွေကို မကုန်စေချင်ပါဘူး။ ဒါပေမယ့် ဒီအုပ်ချုပ်မှုစနစ်အသစ် အစပိုင်းမှာတော့ အစည်းအဝေးတွေများများ လိုပါလိမ့်မယ်။ ဒါကလည်း ပြည်သူတွေရဲ့ကျန်းမာရေးတိုးတက်ဖို့ ကျန်းမာရေးဝန်ကြီးဌာနအတွက် မှန်ကန်တဲ့ဦးတည်ချက်ရအောင်လုပ်ချင်လို့ပါပဲ။ ဇဟိုအနေနဲ့ ကျွန်တော့်တို့ရဲ့ အချိန်အများစုကို <u>ကျန်းမာရေးစီမံကိန်းအသီးသီးရဲ့ ဆောင်ရွက်မှုတွေ တိုးတက်ဖို့နဲ့ ဆန်းစစ်လေ့လာခြင်း</u>ကိစ္စရပ်တွေ အတွက်ပဲပေးထားရပါမယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေး (welfare)နဲ့ ပတ်သက်တာတွေကို မေ့ထားမှာမဟုတ်ပါဘူး။

၆၈။ ကျွန်တော်တို့ဟာ ပြည်ပမှာကျင်းပတဲ့အစည်းအဝေးတွေ ဥပမာ- လုပ်ငန်းအဖွဲ့အစည်းအဝေး၊ ဘာသာရပ်ဆိုင်ရာအကြံပေးအဖွဲ့အစည်းအဝေး၊ စီမံချက်မန်နေဂျာအစည်းအဝေးတွေ၊ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဖိုရမ်တွေတက်ဖို့ လူရွေးတဲ့အခါ သင့်တော်တဲ့ လူပုဂ္ဂိုလ်ကို 2nd and 3rd line persons တွေနဲ့အတူ ဂရုတစိုက် ရွေးချယ်ရပါမယ်။

"ကျန်းမာရေးဝန်ကြီးဌာနရဲ့ အနာဂတ်" အင်အားတောင့်တင်းဖို့အတွက် လူငယ် သမားတော်တွေ၊ ပြည်သူ့ကျန်းမာရေးပညာရှင်တွေကို မြှင့်တင်ပေးဖို့ လိုပါတယ်။

အဲဒီလို နိုင်ငံတကာအစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ သင်တန်းတွေ တက်ပြီးပြန်လာတဲ့ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးပညာရှင်တွေဟာ သက်ဆိုင်ရာနီးနွယ် ပညာရှင်တွေကို အချိန်သိပ်မယူတဲ့ ပြန်လည်ရှင်းလင်းတင်ပြခြင်း (short debriefing sessions) တွေလုပ်ရပါမယ်။ ဒီကိစ္စဆောင်ရွက်ဖို့နည်းလမ်းကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ အကြီးတန်းအရာရှိတွေနဲ့ ကျွန်တော်ဆွေးနွေးပါမယ်။ ကျွန်တော်တို့အားလုံးရဲ့ အကျိုးအတွက် တစ်ဆက်တည်း ပြည်သူလူထုအများကြီး အကျိုးအတွက်ဒီလို အချိန်သိပ်မယူတဲ့ ပြန်လည်ရှင်းလင်းတင်ပြခြင်း short debriefing sessions တွေလုပ်ဖြစ်အောင် ကျွန်တော် သေချာပေါက် ဆောင်ရွက်သွားပါမယ်။

၆၉။ အရင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဝန်ထမ်းတစ်ယောက်အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ တိုင်းပြည်ဘဏ္ဍာငွေနဲ့ အခြားပြင်ပအဖွဲ့တွေဆီက ဘဏ္ဍာငွေအထောက်အပံ့ကို အကောင်းဆုံးစီမံခန့်ခွဲပြီး ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်သွားပါမယ်။ ဒီကိစ္စရပ်ကို သက်ဆိုင်ရာ ပညာရှင်တွေနဲ့ သီးသန့်ဆွေးနွေးပါဦးမယ်။

၇၀။ အစိုးရဘဏ္ဍာရေးပိုင်းအရ ကျွန်တော်တို့ဟာ လက်ရှိဘဏ္ဍာငွေခွဲဝေချထားသုံးစွဲမှုပုံစံကို သေသေချာချာမြန်မြန် ပြန်လည်ဆန်းစစ်သွားပါမယ်။ "ပေးရတဲ့ငွေကြေးနဲ့ရလာတဲ့တန်ဖိုး(value for money)" ရရှိဖို့အတွက် ကျွန်တော်တို့ ရသလောက်အကောင်းဆုံး ကြိုးစားသွားမှာပါ။ ဒါတွေဟာ အခွန်ထမ်း ပြည်သူတွေရဲ့ငွေတွေပဲဖြစ်ပါတယ်။ "**ပြီးပြည့်စုံတဲ့သတ်မှတ်ချက်တွေ၊ ညွှန်ကြားချက်တွေသုံးပြီး ဘဏ္ဍာငွေကို သင့်တော်စွာ ခွဲဝေချထားခြင်းကို ကျွန်တော်တို့ သေသေချာချာ တိကျစွာ ကျင့်သုံးသွားမှာ** ဖြစ်ပါတယ်။

ဒီလမ်းညွှန်တွေ စံသတ်မှတ်ချက် (critetria)တွေကို လက်ရှိလိုအပ်ချက်တွေရဲ့ လိုက်လျောညီထွေဖြစ်အောင် ခေတ်မှီအောင် (update)လုပ်ပြီး ကျင့်သုံးသွားကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ "**အမျိုးသားကျန်းမာရေးဆိုင်ရာ ဘဏ္ဍာငွေစာရင်း**

(National Health Account) " ကိုလည်း ခေတ်မှီအောင် (update) လုပ်သွားမှာပါ။ အရင်တုန်းက ဒီတာဝန်ကို ကျန်းမာရေးစီမံကိန်းဦးစီးဌာနက အစဉ်တစိုက် ပြုစုခဲ့တာဖြစ်ပါတယ်။ နှစ်ပေါင်းများစွာလုပ်ခဲ့တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဆီက နည်းပညာဆိုင်ရာအထောက်အပံ့ကိုလည်း ကျွန်တော်တို့ရယူသွားပါမယ်။ နိုင်ငံတော်ဘဏ္ဍာငွေ (National budget line) အချို့ကို ဝန်ထမ်းသက်သာ စားသောက်ဆိုင်၊ ဝန်ထမ်းအိမ်ရာနဲ့ အဝေးကလာတဲ့ဝန်ထမ်းတွေအတွက် တည်းခိုအိမ်တွေနဲ့ အချို့လုပ်ငန်းခွင်တွေမှာ အားကစားခန်းမ ထားရှိနိုင်ဖို့လည်း သုံးစွဲသွားမှာဖြစ်ပါတယ်။ ဒီကိစ္စတွေကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ အကြီးတန်းအရာရှိတွေ အုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေး ဌာနတွေနဲ့အတူ ဆွေးနွေးသွားပါမယ်။

၇၁။ မြန်မာနိုင်ငံမှာအင်မတန်ခိုင်မာတဲ့ **'ပေါင်းစည်းဖွဲ့စည်းထားတဲ့ အမျိုးသားရောဂါထိန်းချုပ်ရေးဗဟိုဌာန** (Consolidated National Center for Disease Control)' တစ်ခုရှိဖို့ ကျွန်တော်ရည်မှန်းထားပါတယ်။ အဲဒီ **ဗဟိုဌာန** (Center)ရဲ့လုပ်ငန်းတွေကတော့ -

(၁) လေ့ကျင့်သင်ကြားပေးရာ အဖွဲ့အစည်းတစ်ခုအနေနဲ့ရင်း (as a training institution)

(၂) ဆေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းရန် သုတေသနအချို့ပြုလုပ်ရာနေရာအဖြစ်ရင်း (doing some research in collaboration with Department of Medical Reasearch)

(၃) ကပ်ရောဂါအသွင်ဖြစ်ပွားမှုများကို ကာကွယ်ခြင်း၊ထိန်းချုပ်ခြင်း/ထပ်မံကူးစက်မှုများ ရပ်တန့်စေရန်ဆောင်ရွက်ရာဌာနအဖြစ်ရင်း (preventing, controlling and containing disease outbreaks)

(၄) ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနနှင့် ပူးပေါင်း၍ အရည်အသွေးကောင်းမွန်ထိရောက်သော ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်များ ထုတ်ဝေရာဌာနအဖြစ်ရင်း (working collaboratively with health education units in developing "good" health education pamphlets,)

(၅) ကောင်းမွန်ထိရောက်ပြီး သတင်းအချက်အလက်စုံလင်သော အင်တာနက် စာမျက်နှာမှတဆင့် မိမိတို့ဝန်ထမ်းများ ပညာရှင်များသာမက သာမန်လူများကို အသိပညာပေးရာဌာနအဖြစ်ရင်း (hosting a very good and informative web site of its own for our professionals and layman)

(၆) ဆန်းသစ်ထိထွင်သော ရောဂါစုံစမ်းထောက်လှမ်းခြင်းဆိုင်ရာ နည်းစနစ်များကို အမျိုးသားကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ရာဌာနအဖြစ်ရင်း (doing innovative investigative procedures in collaboration with National Health Laboratory)

(၇) များစွာသောရောဂါများအတွက် လုပ်ငန်းလမ်းညွှန်နှင့် စံလုပ်ထုံးလုပ်နည်းများ ပြုစုခြင်း၊ ခေတ်မီအောင်ပြုလုပ်ခြင်းများ ဆောင်ရွက်ရာဌာနအဖြစ်ရင်း (developing and updating guidelines and standard operating procedures for varioues entities)

(၈) ကျန်းမာရေးဆိုင်ရာအရင်းအမြစ်များကို စုစည်းထားရှိပြီး မှီငြမ်းကိုးကားရာဌာနအဖြစ်ရင်း serving as resource repository and reference center

(၉) မိတ်ဖက်အဖွဲ့အစည်းများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သောဌာနများအဖြစ်ရင်း (collaborating with like-minded institutions in developed countries, South-East Asia countries and also with relevant WHO Collaborating Centers). မိမိတို့အနေဖြင့် ရောဂါအမျိုးမျိုးထိန်းချုပ်ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သောဌာနများဖြစ်ရန် ဦးတည်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ We should finally aim at becoming WHO Collaborating Center on certain aspects of disease control) တို့ဖြစ်ပါတယ်။

၇၂။ ကျွန်တော်တို့ **မြို့နယ်အဆင့်မှာရှိတဲ့ ပြည်သူ့ကျန်းမာရေးဓါတ်ခွဲခန်းများကိုလည်း** စွမ်းရည်မြှင့်တင်သွားပါမယ်။ ဒီလုပ်ငန်းစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ အမျိုးသားကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာဌာနတို့ ပူးပေါင်းပြီး စဉ်းစားဆောင်ရွက်သွားပါမယ်။ ဒါပေမယ့် ဒီကိစ္စကတော့ ဝန်ထမ်းရရှိနိုင်မှုအခြေအနေနဲ့ ဘဏ္ဍာရေးအခြေအနေအပေါ် အထူးသဖြင့်မူတည်နေပါတယ်။ ဒါဟာကူးစက်ရောဂါတွေကိုရော မကူးစက်နိုင်တဲ့ရောဂါတွေကိုပါ အတိုင်းအတာတစ်ခုအထိ ကာကွယ်ထိန်းချုပ်နိုင်တဲ့ ထိရောက်တဲ့အစီအမံ တစ်ခုဖြစ်ပါတယ်။ **ကျွန်တော်တို့ ပြည်သူတွေရဲ့ ကျန်းမာရေးအကျိုးကျေးဇူးအလို့ငှာ** ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနဲ့ အမျိုးသားကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာဌာနဟာ **နီးကပ်စွာတွဲဖက်အလုပ် လုပ်ကိုင်ရပါမယ်။**

၇၃။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံအသစ်မှာသင့်တော်တဲ့ ပြင်ဆင်မှုလုံလုံလောက်လောက်မရှိခဲ့လို့ အုပ်ချုပ်စီမံခန့်ခွဲမှုအခက်အခဲအချို့ အထူးသဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွေမှာ ရှိနေတယ်လို့ ကျွန်တော်ကြားသိထားပါတယ်။ **ပထမအဆင့်အနေနဲ့ ဒီစိန်ခေါ်မှုတွေ၊ ပြဿနာတွေကို ကျော်လွှားဖို့ အတူတကွစဉ်းစားသွားကြပါမယ်။** ဒါဟာ နှစ်ပေါင်းများစွာ ချောချောမွေ့မွေ့အောင်အောင်မြင်မြင်ဖြစ်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ အလုပ်တွေ နှောင့်နှေးစေတဲ့ အကြီးဆုံးအတားအဆီးဖြစ်နေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီကိစ္စကို အကောင်းဆုံးသောဖြစ်နိုင်တဲ့ နည်းလမ်းတွေအားလုံးနဲ့ အရေးပေါ်ကိစ္စတစ်ရပ်အနေနဲ့ ကျွန်တော်တို့ ဖြေရှင်းဖို့လိုပါမယ်။ **ကျွန်တော်တို့ တိုင်းပြည်ကျန်းမာရေးလောက တိုးတက်ဖို့အတွက် ကျွန်တော်တို့တတွေ စိတ်ကောင်းစေတနာကောင်းနဲ့ ရိုးသားစွာစည်းစည်းလုံးလုံး အလုပ်လုပ်ကြရပါမယ်။** ကျွန်တော်တို့အားလုံးဟာ ကျန်းမာရေးလောကထဲမှာရှိတဲ့ မိသားစုဝင်တွေပါ ။

၇၄။ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်ပတ်သက်လို့ ကျွန်တော်တို့ဦးစားပေး ဆောင်ရွက်ရမှာတွေကတော့ (၁) ပြည်သူလူထုအတွင်းကိုယ်လက်လှုပ်ရှားမှု ဆောင်ရွက်ရေး အားပေးရန် (၂) ပြည်သူလူထုအားအသိပညာပေးရန် (၃) မြို့နယ်အဆင့်ကိုယ့်အားကိုယ်ကိုး ကိုယ်လက်လှုပ်ရှားမှုဆောင်ရွက်ရန် အားကစားခန်းမများ အကောင်အထည်ဖော်ရန်တို့

ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဌာနသစ်တစ်ခုဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့ သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားရမဲ့ လက်တွေ့ကျတဲ့လမ်းပြမြေပုံတစ်ခု ရေးဆွဲသွားမှာဖြစ်ပါတယ်။

၇၅။ တကယ်တမ်းကျတော့ အခုပြောသွားတာတွေဟာ ကျွန်တော်တို့စဉ်းစားပြီး စလုပ်သင့်တဲ့ အရေးကြီးအချက်အချို့ကိုပဲ နမူနာပြရုံရှိပါသေးတယ်။ လက်တွေ့ကျတဲ့ ရှေ့လုပ်ငန်းစဉ်များကို အားလုံးရဲ့ အကြံဉာဏ်များ ရယူရေးဆွဲအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ဦးစားပေးအဆင့်ခွဲဝေပြီး လိုအပ်သလို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးနဲ့ ကုသရေးနယ်ပယ်ကို ကျွန်တော်တို့ မြှင့်တင်နိုင်တဲ့ လက်တွေ့ကျတဲ့ နည်းလမ်းတွေ အများကြီးရှိပါတယ်။ ဒါကို သက်ဆိုင်ရာကဏ္ဍတွေမှာ ကျွန်တော် သီးခြားစီဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

၇၆။ ကျွန်တော်ရဲ့လက်တွေ့ရှုထောင့်အမြင်နဲ့ ကိုယ်တိုင်ရေးဆောင်းပါးအချို့ကို နောက်ပိုင်းမှာ မျှဝေပေးပါမယ်။ ကျန်းမာရေးစနစ်၊ ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ သုတေသနစတဲ့ နယ်ပယ်တွေ တိုးတက်ဖို့အတွက် စဉ်းစားတွေးခေါ်စရာ (food for thought)အနေနဲ့ပါ။ ဒီဆောင်းပါးတွေဟာ ဆေးပညာနယ်ပယ်ရဲ့ကဏ္ဍအရပ်ရပ်တိုးတက်ဖို့ အသုံးဝင်တဲ့ အချက်အလက်တွေ ဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ရဲ့ပြည်သူတွေ ကျန်းမာရေးအဆင့်အတန်း မြင့်မား စေရေးဆောင်ရွက်မှု ခရီးရှည်ကြီးစတင်မထွက်ခွာခင် ကဏ္ဍအသီးသီးမှပညာရှင်များနဲ့ ကျွန်တော်တို့ သီးခြားတွေ့ဆုံပြီး အတွေးအမြင်တွေ ဖလှယ်ပါဦးမယ်။ နောက်အပတ် ကျွန်တော်တို့မတွေ့ခင် ဆရာတို့ရဲ့ အလုပ်ကဏ္ဍ (work domain)နဲ့ သက်ဆိုင်ရာဆောင်းပါးတွေဖတ် ကြည့်ကြဖို့ တိုက်တွန်းချင်ပါတယ်။

၇၇။ ကျွန်တော်ပေးချင်တဲ့ အဓိက အိမ်ကိုပြန်တဲ့အခါပါသွားစေချင်တဲ့အချက် (take home message)ကတော့ -

(၁) ကျွန်တော်တို့ရဲ့ခံယူချက်/စဉ်းစားတွေးခေါ်ပုံတွေကို ပြောင်းလဲရမှာဖြစ်ပါတယ် (we have to change our mind set)

(၂) ကျွန်တော်တို့ရဲ့လုပ်ဆောင်ချက်တွေ၊ ဖြေရှင်းချက်တွေဟာ တကယ့်ကို ပကတိမြေပြင်မှာ ဖြစ်ပေါ်နေတဲ့အကြောင်းအရာတွေအပေါ် ထင်ဟပ်တုန့်ပြန်နိုင်စွမ်းရှိရမှာဖြစ်ပြီး ကျွန်တော်တို့ စွမ်းဆောင်နိုင်စွမ်းရှိသမျှ ဆောင်ရွက်ကြရမှာဖြစ်ပါတယ် (our actions and interventions must reflect the actual ground realities and therefore we will try to expose what is actually happening at the grass root level and take actions to the best of our capability and capacity)

(၃) ကျွန်တော်တို့အနေနဲ့ ပြည်သူတို့ရဲ့အသံကို နားထောင်ဖို့လိုအပ်တာဖြစ်သကဲ့သို့ ပကတိမြေပြင်အခြေအနေမှာ အလုပ်လုပ်နေတဲ့ ကျွန်တော်တို့ရဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေရဲ့အသံကိုလည်း နားထောင်ရမှာဖြစ်ပါတယ် (we need to listen to the voices of the people and our basic health staff working at the ground level)

(၄) ကျွန်တော်တို့ရဲ့ ချဉ်းကပ်ပုံတွေ၊ ပြဿနာဖြေရှင်းချက်တွေဟာ လက်တွေ့ကျဖို့လိုအပ်ပြီး ပြည်သူလူထုဗဟိုပြုပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ် (our approaches or interventions must be practical and people-centered or population – centered)

(၅) ကျွန်တော်တို့ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေးဟာ ကျွမ်းကျင်မှုပိုင်း ဆိုင်ရာမှ စီမံချက်တွေရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်တာနဲ့ ထပ်တူထပ်မျှ အရေးကြီးတာဖြစ်လို့ ကျွန်တော်တို့တတ်နိုင်သမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်မှာဖြစ်ပါတယ် (the welfare of our staff is as equally as important as technical program implementation and we will do our utmost)

(၆) အသင်းအဖွဲ့အလိုက်ချဉ်းကပ်ဆောင်ရွက်ခြင်းနှင့် အသင်းအဖွဲ့စိတ်ဓါတ်ကို မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ ဒါမှမဟုတ် ပတ်သက်ရာပုဂ္ဂိုလ်တွေနဲ့ပူးပေါင်းဆောင်ရွက်

ကြတဲ့မိတ်ဆွေများကိုလည်း တစ်လှေတည်းစီး တစ်ခရီးတည်းသွားအဖြစ် သတ်မှတ်ရမှာဖြစ်သလို မိမိတို့ကိုယ်ပိုင်လုပ်ငန်းကဲ့သို့ သဘောထားလာစေရေးအတွက်လည်း ဖန်တီးပေးရမှာဖြစ်ပါတယ် (team approach and team spirit will be promoted or concerned persons and collaborating partners will be put on board and create a sense of ownership),

(၇) ကျွန်တော်တို့အနေနဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ အချက်အလက်ရှာဖွေခြင်းကိုသာ ဦးစားပေးဆောင်ရွက်မှာဖြစ်ပြီး လုံးလုံးလျားလျား အပြစ်တင်ခြင်းကို ရှောင်ကြဉ်မှာဖြစ်ပါတယ် (we will practice fact finding rather than outright fault finding)

(၈) ကျွန်တော်တို့အနေနဲ့ ကျင့်ဝတ်နှင့်ညီညွတ်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ် (we need to practice ethical decision making)

(၉) ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေဟာ ပွင့်လင်းမြင်သာမှုရှိပြီး ဆောင်ရွက်ချက်တွေနဲ့ပတ်သက်တဲ့ မေးခွန်းများကို ဖြေဆိုနိုင်ရမှာဖြစ်ပါတယ် (our actions must be transparent and answerable)

(၁၀) ဘဏ္ဍာငွေကို ကြောင်းကျိုးလျော်ညီစွာ ခွဲဝေချထားခြင်းနှင့် အလေအလွင့်နည်းပါးပြီး သင့်တော်သည့်နေရာတွင်မှာ သုံးစွဲခြင်းကို ကျွန်တော်တို့ရဲ့ ဦးစားပေးလုပ်ငန်းအဖြစ်ထားရှိရမှာဖြစ်ပါတယ် (rational allocation of budget and appropriate utilization must be the order of the day)

(၁၁) ကျိုးကြောင်းညီညွတ်စွာနဲ့ လက်တွေ့ကျကျတွေးခေါ်နိုင်သော အလေ့အထများကို မွေးမြူသွားမှာဖြစ်ပါတယ် (practice rational and realistic thinking)

(၁၂) ကုသမှုဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေးပညာရှင်များသည် အတိုင်အဖောက် ညီညီလက်တွဲ ဆောင်ရွက်မှုဖြစ်ပါတယ်။ clinicians and public health professionals must be working in tandem

(၁၃) ကျွန်တော်တို့ရဲ့ စစ်မှန်အဓိကကျတဲ့လုပ်ငန်း ဆောင်ရွက်သူတွေဟာ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်ဆေးရုံတွေ၊ ကျန်းမာရေးဌာနတွေ၊ ကျန်းမာရေးဌာနခွဲတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေဖြစ်တယ်ဆိုတာ အမြဲသတိပြုမှာ ဖြစ်ပါတယ် (noting the fact that our real and key players are health professionals working at the state / regional / township hospitals and health centers and rural health center levels and that we will give due recognition to them in various ways)

(၁၄) ကျွန်တော်တို့ရဲ့ ကျန်းမာရေးစနစ်ကြီးရဲ့ အခြေခံအုတ်မြစ်ခိုင်မာတောင့်တင်းပြီး အင်တိုက်အားတိုက်ဆောင်ရွက်နိုင်၍ လူတိုင်းလက်လှမ်းမီသော သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဆီသို့ သုတေသနနှင့်လူသားအရင်းအမြစ် ကဏ္ဍများ၏ ပံ့ပိုးမှုကိုရယူလျှောက်လှမ်းကြရန် ဖြစ်ပါသည် (making the foundation of our health system firm, robust, dynamic and strong as we go for the Universal Health Coverage with appropriate support from research and HRH domain).

**နိဂုံး**

ပြည်သူတွေရဲ့ကျန်းမာရေးအတွက် ကျွန်တော်တို့ အသင်းအဖွဲ့စိတ်ဓါတ် (team work) နဲ့ အလုပ်လုပ်ကြရအောင်။ တချိန်တည်းမှာ **ကျန်းမာရေးဝန်ကြီးဌာနရဲ့ဝန်ထမ်းတွေအဖြစ် အလုပ်လုပ်နေရတာ ကျွန်တော်တို့အားလုံး ဂုဏ်ယူသင့်ပါတယ်။**

- ကျွန်တော်ရဲ့ မိန့်ခွန်းထဲမှာ အကြံပြုထားတဲ့ အကြံဉာဏ်တွေ၊ အချက်အလက်တွေ ဆောင်ရွက်နိုင်ရန်နဲ့ ဆရာတို့တွေ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းအဖြစ် ဂုဏ်ယူ

နိုင်စေဖို့ လိုအပ်တဲ့အထောက်အကူများကို ကျန်းမာရေးဝန်ကြီးဌာန အကြီးတန်း အရာရှိများအဖွဲ့မှ လုံးဝပံ့ပိုးပေးမှာဖြစ်ပါတယ်။

- လူတိုင်းလက်လှမ်းမီသောကျန်းမာရေးစောင့်ရှောက်မှုရရှိစေဖို့ သွားတဲ့လမ်းမှာ ပြည်သူတွေရဲ့ကျန်းမာရေးအဆင့်အတန်း ပိုကောင်းရန်အတွက် အခြေအနေအချိန်အခါ (epidemiological situation) ပြောင်းလဲတာနဲ့အမျှ **ကျွန်တော်တို့ လုပ်ပုံကိုင်ပုံတွေ ပြောင်းလဲရန် နောက်တွန့်တုံ့ဆိုင်းခြင်း မရှိပါစေနဲ့။**
- လုပ်ငန်းများကို ဦးစားပေးအစီအစဉ်ရေးဆွဲပြီး အပိုင်းလိုက်/ အဆင့်လိုက် (phase-wise and step-wise) လုပ်ဆောင်စေလိုပါတယ်။ ဆရာတို့အားလုံးရဲ့ နည်းပညာဆိုင်ရာအကြံပြုချက်တွေနဲ့ ဦးစားပေးစဉ်းစား အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။
- လက်တွေ့မှာ ဖြစ်ပေါ်လျက်ရှိတဲ့ ကျန်းမာရေးအခက်အခဲများကို ဖော်ထုတ်ရန် ဝန်မလေးဘဲ သင့်လျော်စွာ တုန့်ပြန်ဆောင်ရွက်သွားရန်ဖြစ်ပါတယ်။
- ကျွန်တော်ရဲ့နောက်ဆုံး မှာချင်တဲ့အချက်ကတော့ "**ကျွန်တော်တို့အားလုံး အသင်းအဖွဲ့စိတ်ဓာတ်နဲ့ စုပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေဟာဘယ်တော့မှ ကျဆုံးမှာမဟုတ်သလို ပြည်သူတွေကို ကျန်းမာရေးဝန်ဆောင်မှုတွေကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။**" (If we work collectively with team spirit, we will never ever fail in our endeavor and we will be successful in effectively serving the population of our country). "**ဒါကြောင့် ကျွန်တော်တို့ စည်းလုံးညီညွတ်စွာနဲ့ ရှေ့ဆက်လက်ဆောင်ရွက်ကြပါစို့**" (So, let us move ahead in unison).

အားလုံးကိုအထူးကျေးဇူးတင်ပါတယ်။